# အစ္စလာမ် သာသနာ သမိုင်း

အစ္စလာမ်သမိုင်းကို မူဆလင် သမိုင်းဟု သိနေကြပေသည်။ အစ္စာလာမ်သည် သာသနာတစ်ခုဖြစ်၍၊ လူမှုဗေဒတည် ဆောက်မှု ဥပဒေများ မျှတညီညွတ်စွာ ပါဝင်နေပေသည်။ အစ္စလာမ်သမိုင်းသည် အာရေဗျတွင် မူဆလင်တို့၏ ဉာဏ်စဉ်တော်ဆောင် ဖြစ်သော ကိုယ်တော်မုဟမ္မဒ်၏ ကျမ်းမြတ်ကုရ်အံကို စတင် ဆင့်ပြန်သည့် ၇ ရာစုမှ စတင်ခဲ့သည်။

အခြားသော ကမ္ဘာ့သာသနာကြီးများ နည်းတူ၊ အစ္စလာမ်သာသနာ၏ ဆင့်ကဲဖွံ့ဖြိုးမှုမှာ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးများ၏ သက်ရောက်မှုများသည် ထိုသာသနာအား မူလပင်မဌာနေကို ကျော်လွန်၍ ပြန့်နှံ့သွားစေခဲ့ပေသည်။ အစ္စလာမ်သမိုင်း၏ တိုးတက် ဖွံ့ဖြိုးမှုများသည် အစ္စလာမ်ကမ္ဘာ၏ အတွင်းအပြင် နှစ်ခုလုံးကို သက်ရောက်ခဲ့ပေသည်။ အစ္စလာမ်ကမ္ဘာ၏ ဆက်စပ်မှုသည် လူ့သမိုင်း၏ ခြားနားဖြစ်တည်သော ခေတ်ကာလများကို စူးစမ်းရာ၌ အရေးပါခဲ့ပေသည်။ အလားတူပင် “အွန်မတ်” ဟုခေါ်သည့် ယုံကြည်သူများ အိမ်ဖွဲ့တည်ဆောက်သည့် သတ်မှတ်စံချိန်ရှိသော နိုင်ငံရေးအသိုင်းအဝိုင်း တစ်ရပ်သည်လည်း အရေးပါခဲ့ပေသည်။ အစ္စလာမ် ယဉ်ကျေးမှုက ထိုသို့အိမ်ဖွဲ့တည်ဆောက်သော နိုင်ငံရေး အသိုင်းအဝိုင်းတစ်ရပ် ဖြစ်ပေါ်ရန် အင်အားတစ်ရပ်ဖြစ်၍၊ ကျင့်ဝတ်စည်းမျည်းများကလည်း သမိုင်းတစ်လျှောက် အဓိကဇာတ်ကောင်များ၏ အကျင့်စရိုက်များ အပေါ်၌ ဩဇာလွှမ်းခဲ့သည်။ အစ္စလာမ်သမိုင်းသည် နိုင်ငံရေး၊ စည်းပွားရေးနှင့် စစ်ရေးများဖြင့် နီးစပ်လျှက်ရှိပေသည်။

ကိုယ်တော် မိုဟမ္မဒ် ပရိနိဗ္ဗာန်ပြုပြီး ပထမရာစုတွင် အစ္စလာမ်အင်ပါယာသည် အနောက်ဘက် အတ္တလန်တက် သမုဒ္ဒမှ အရှေ့ဘက် အာရှအလယ်ပိုင်းထိ ကျယ်ပြန့်လာခဲ့ပေသည်။ အစ္စလာမ် အင်ပါယာများ ဖြစ်သော အိုမိုင်ယာ့ဒ်၊ အဘာဆက်ဒ်၊ ဖာတီမိုက်၊ မဂို၊ ဆာဖာဗက်ဒ်နှင့် အော်တိုမန် အင်ပါယာများသည် ကမ္ဘာ့အကြီးဆုံးနှင့် အင်အားအရှိဆုံး အင်ပါယာများ အနက်မှ ဖြစ်ခဲ့ပေသည်။ အစ္စလာမ် မြို့ပြယဉ်ကျေးမှုသည် များစွာသော ယဉ်ကျေးမှု ဗဟိုချက်မများနှင့် သိပ္ပံပညာရပ်များကို စတင်ထွန်းတောက်မှု ပေးခဲ့ပေသည်။ အထင်ကရဖြစ်သော သိပ္ပံပညာရှင်များ၊ နက္ခတ္တဗေဒညာရှင်များ၊ သင်္ချာပညာရှင်များ၊ ဆေးပညာရှင်များ၊ သူနာပြုများ၊ ဒသနပညာရှင်များကို “အစ္စလာမ် ရွှေခေတ်” ကာလတွင်း၌ မွေးထုတ်ပေးခဲ့ပေသည်။ နည်းပညာများကို အားပေးမှုအဖြစ်၊ ရေထုတ်ရေသွင်းစနစ်နှင့် တူးမြောင်းတည်ဆောက်ခြင်းများကို စီးပွားရေး ထုထည်အဖြစ် ရင်းနှီးမြှုပ်နှံခဲ့ပေသည်။ ထို့အပြင် ကုရ်အံကျမ်းတော်အား ရွတ်ဖတ်ရန် အရေးကြီးခြင်းကြောင့် သာမန်ပြည်သူများအား စာပေ တတ်မြောက်စေမှု အဆင့်မြင့်မားလာခဲ့ပေသည်။

နောက်ပိုင်း အေဒီ ၁၈ ရာစု၊ ၁၉ ရာစုတွင် များစွာသော အစ္စလာမ် နယ်မြေများသည် ဥရောပ ခနေရှင် အင်ပါယာတွင်းသို့ ကျရောက်လျှက် အုပ်ထိန်းခံများ ဖြစ်ခဲ့ရပေသည်။ ပထမကမ္ဘာစစ် နောက်ပိုင်းတွင် အော်တိုမန်အင်ယာသည် ဥရောပ အုပ်ထိန်း သူများ၏ လက်အောက်တွင် ရုပ်သေးဖြစ်ခဲ့ရပြီး၊ ၁၉၂၄ ခုနှစ်မှ စ၍၊ အစ္စလာမ် ခလီဖာ စနစ်မှာ နိဂုံတံခဲ့ပေသည်။ (နောက်ဆုံး ခလီဖာ အဖြစ် အော်တိုမန် အင်ပါယာက ခံယူခဲ့သည်။)

(၂၀)ရာစုအတွင်းတွင် ကွန်မြူနစ်ဝါဒ ကဲ့သို့ များစွာသော သဘောတရား ရေးရာများ ရိုက်ခတ်ခဲ့သော်လည်း အစ္စလာမ် ဂုဏ် ရည်နှင့် အစ္စလာမ်အုပ်ချုပ်မှုနယ်များ၊ နိုင်ငံရေးရာ ကိစ္စရပ်များသည် (၂၁) ရာစုအစောပိုင်းတွင် အငြင်းပွားနိုင်ဘွယ်ရာ မရှိ ပြန့်နှံ့တိုးတက်လာခဲ့ပေသည်။ အနောက်နိုင်ငံများက အစ္စလာမ် ဒေသများကို အလျှင်အမြန် စိတ်ဝင်တစားရှိခြင်း၊ နိုင်ငံတကာ ပဋိပက္ခာများနှင့် ကမ္ဘာလုံးဆိုင်ရာဝါဒများက (၂၁) ရာစုတွင် ကမ္ဘာပေါ်သို့ အစ္စလာမ်၏ ဩဇာလွှမ်းမိုးမှု ဖြစ်တည်လာရန် ပြုပြင်လျှက် ရှိနေပေသည်။

## မာတိကာ


- ၁။ ဇစ်မြစ်


PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

- ၂။ အစောပိုင်း ခလီဖာများ
  - ၂ (က) ခေတ်အပိုင်းအခြားများ
  - ၂ (ခ) အာလ် ရာရှီဒါန် "ဖြောင့်မတ်သော လမ်းပြ ခလီဖာများ၊"
  - ၂ (ဂ) အဘာဆက်ဒ်မင်းဆက် "အစ္စလာမ် ရွှေခေတ်"
  - ၂ (ဃ) ဒေသဆိုင်ရာ အုပ်ချုပ်ရေးများ
  - ၂ (င) ဖာတီမိုက် အင်ပါယာ
  - ၂ (စ) အိုင်မိုင်ယာ့ဒ်နှင့် ဘာဘာ မင်းဆက်များ လက်အောက် အဘာရီယာန် ကျွန်းဆွယ်
- ၃။ ကရူးဆိတ်စစ်ပွဲများ
- ၄။ မန်လွတ်က် မင်းများ
- ၅။ အာဖရိက အစ္စလာမ်သာသနာ
  - ၅ (က) မဂ္ဂဟာ့ဘ် (ကိုယ်ပိုင်နယ်များ) မှ အစ္စလာမ်သာသနာ
  - ၅ (ခ) အရှေ့ အာဖရိကမှ အစ္စလာမ်သာသနာ
  - ၅ (ဂ) အနောက် အာဖရိကမှ အစ္စလာမ်သာသနာ
- ၆။ အာရှမှ အစ္စလာမ်သာသနာ
  - ၆ (က) အန္ဒိယ တိုက်ငယ်
  - ၆ (ခ) တရုတ်
  - ၆ (ဂ) အရှေ့တောင်အာရှ
- ၇။ မွန်ဂိုတို့၏ ကျူးကျော်စစ်
- ၈။ ခေတ်သစ်ကမ္ဘာ အစောပိုင်းကာလ မူဆလင် အင်ပါယာ သုံးခု
  - ၈ (၁) မဂို အင်ပါယာ
  - ၈ (ခ) ဆဖာဗက်ဒ် အင်ပါယာ
  - ၈ (ဂ) အောင်တိုမင် အင်ပါယာ
- ၉။ ဝါဟာဘီ ဝါဒ
- ၁၀။ ၂၀ ရာစု
  - ၁၀(က) အော်တိုမင် အင်ပါယာ မှေးမှိန်သွားခြင်း
  - ၁၀ (ခ) အန္ဒိယကို ခွဲစိတ်ခြမ်းဖြာခြင်း
  - ၁၀ (ဂ) အာရပ် အစ္စရေးလ် ပဋိပက္ခ
  - ၁၀ (ဃ) ရေနံ ဓန
  - ၁၀ (င) အီရန် တော်လှန်ရေး နှစ်ခု
- ၁၁။ ၂၁ ရာစု အစ္စလာမ်သာသနာ
  - ၁၁ (က) တူရကီ အစ္စလာမ်သာသနာ
  - ၁၁ (ခ) ဥရောပ အစ္စလာမ်သာသနာ
  - ၁၁ (ဂ) ရုရှား အစ္စလာမ်သာသနာ
  - ၁၁ (ဃ) မြောက်အမေရိကတိုက် အစ္စလာမ်သာသနာ
  - ၁၁ (င) တောင်အမေရိကတိုက် အစ္စလာမ်သာသနာ

## ဇစ်မြစ်

မျိုးရိုးစဉ်ဆက် ယုံကြည်မှုအရ၊ အေဒီ ၆၁၀ တွင် ကိုယ်တော်မုဟမ္မဒ်ထံ၌ ကျမ်းမြတ်ကုရ်အံ သုတ်ဒေသနာများကို စတင်၍ ဉာဏ်စဉ် ကိန်းဝပ်ခဲ့သည်။ ကုရ်အံကျမ်းတော်၏ သုတ်တော်များကို ကိုယ်တော်သက်ရှိထင်ရှား ရှိနေစဉ်၌ပင် ရေးမှတ်လျှက်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

လည်းကောင်း၊ နှတ်ငုံကျက်မှတ်လျှက်လည်းကောင်း မှတ်တမ်းတင်ခဲ့ပေသည်။ မက္ကာဟ်မြို့သည် အေဒီ ၆၃၀တွင် မူဆလင်များ၏ လက်သို့ ကျရောက်ခဲ့ပေသည်။ အေဒီ ၆၂၈ ခုနှစ်တွင် မက္ကာဟ်မြို့မှ အကြီးဆုံး လူမျိုးစုဖြစ်သည့် ကိုရိုက်ချ် လူမျိုးများနှင့် မဒီနာမှ မွန်ဆလင် အသိုင်းအဝိုင်းတို့သည် ဟူဒိုင်ဗီယာ ဟုခုသည့် ငြိမ်းချမ်းရေး စာချုပ်ကို ချုပ်ဆိုခဲ့၍၊ ၁၀ နှစ်တာ ငြိမ်းချမ်းရေး သဘောတူညီခဲ့သည်။ ၎င်းကို ကိုရိုက်ချ်နှင့် သူတို့၏ မဟာမိတ်များဖြစ်သည့် ဘက္ကာရ် လူမျိုးစုတို့က ချိုးဖျက်လျှက် မူဆလင်တို့၏ မဟာမိတ်ဖြစ်သော ကူဇာဟ် လူမျိုးစုကို စတင်တိုက်ခိုက်ခဲ့ပေသည်။ ကိုယ်တော်မုဟမ္မဒ်သည် အေဒီ ၆၃၂ ဇွန်လတွင် ပရိနိဗ္ဗာန်ပြု၍၊ ထိုနှစ် ဒီဇင်ဘာလတွင် ပထမဆုံး ခလီဖာ အဘူဘာ့ခ် မူဆိုင်လီမာတို့ကြား စစ်မက်ဖြစ်ပွား ခဲ့ပေသည်။

(ခလီဖာ၏ အဓိပ္ပါယ်မှာ အာဏာဆက်ခံသူ၊ သို့မဟုတ် သမ္မတ ဟု ဖြစ်သည်။ ထိုရာထူးကို လူအများက ရွေးချယ် တင်မြှောက်ရပေသည်။)

## အစောပိုင်း ခလီဖာများ

ကိုယ်တော်မုဟမ္မဒ် ပရိနိဗ္ဗာန်ပြုပြီးနောက် အစ္စလာမ်နိုင်ငံတော်အား စဉ်ဆက်မပြတ်သော ခလီဖာများဖြစ်သည့် အဘူဘာ့ခ်၊ အိုမာရ်၊ အွတ်သမန်၊ အလီနှင့် ဟာဆန်တို့က အုပ်ချုပ်ခဲ့ပေသည်။ ထို အစောပိုင်း ခလီဖာများကို "ရာရှီဒါန်" **ဖြောင့်မတ်သူများ** ဟု လူသိများပေသည်။ ထို "ရာရှီဒါန်" များ၏နောက်။ များစွာသော ခလီဖာ စနစ်များကို ထူထောင်ခဲ့ပေသည်။ ခလီဖာ တစ်ကိုယ်စီသည် အစ္စလာမ့်ဥပဒေဟု လူသိများသော "ရှရီအတ်" ကို အခြေခံကာ ကိုယ်ပိုင် ဥပဒေများကို ပြုစုခဲ့ပေသည်။ ဆွန်နီ "ခလီဖာ"များနှင့် အလီနှင့် ကိုယ်တော်မုဟမ္မဒ်၏ သမီးတော် ဖာတီမာဘက်မှ ဆင်းသက်သော မျိုးရိုးမှဖြစ်သော အစ္စမာလ်အီလီ ရှီယာ တို့၏ "အေမာန်" များစင်ပြိုင်ဖြစ်သော ကာလများလည်း ရှိခဲ့ပေသည်။ ရှီယာတို့သည် ထိုမှ ကိုယ်ပိုင် ခလီဖာစနစ်ကို ထူထောင်၍၊ ဖာတီမိုက် အင်ပါယာ အဖြစ် အုပ်ချုပ်ခဲ့ပေသည်။

(ဆွန်နီနှင့် ရှီယာသည် သာသနာရေးကြောင့် မဟုတ်ဘဲ၊ အုပ်ချုပ်မှုအာဏာကြောင့် ဂိုဏ်းကွဲခဲ့ရခြင်း ဖြစ်၍၊ အေမာန် ဆိုသည်မှာ ရှေ့ဆောင်လမ်းပြ ဟု အဓိပ္ပါယ်ကို ပေးပေသည်။)

### ခေတ်အပိုင်းအခြားများ

အေဒီ ၆၃၀ မှ ၆၆၀ – အာလ် ရာရှီဒါန်များခေတ်

အေဒီ ၆၆၀ မှ ၇၅၀ – အိုမိုင်ယာ့ဒ် မင်းဆက်

အေဒီ ၇၅၀ မှ ၉၆၀–အဘာဆက်ဒ်မင်းဆက်

အေဒီ ၉၆၀မှ  ၁၂၅၀– ဖာတီမိုက်မင်းဆက်

အေဒီ ၁၂၅၀ မှ ၁၅၁၇–မာန်လွတ်က်မင်းဆက်

၁၆ ရာစုမှ ၂၀ ရာစု အစပိုင်းအထိ မူဆလင် အင်ပါယာများ

၂၀ ရာစုအတွင်း ကိုလိုနီအုပ်ချုပ်ခံ မူဆလင်များ

၂၀ ရာစု အကုန်ပိုင်းနှင့် ၂၁ ရာစု ဆန်းစ မူဆလင်များ နိုးကြားလာသောခေတ်

### အာလ် ရာရှီဒါန် "ဖြောင့်မတ်သော လမ်းပြ ခလီဖာများ၊"

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ကိုယ်တော် မုဟမ္မဒ် ပရိနိဗ္ဗာန်ပြုပြီးနောက် ခလီဖာ ငါးဦးက အစ္စလာမ် အင်ပါယာကို စဉ်ဆက် ဦးဆောင်ခဲ့ပေသည်။ သို့သော် ပဉ္စမမြောက် ခလီဖာ အေမာန်ဟာဆန်မှာ (ဦးဆောင်) သက်တမ်း တိုတောင်းလွန်းသောကြောင့် မူဆလင် အများစုက ခလီဖာ (သမ္မတ)ကြီး လေးပါးကိုသာ အသိများကြပေသည်။

## အဘာဆက်ဒ် မင်းဆက် "အစ္စလာမ် ရွှေခေတ်"

အေဒီ ၇၅၀ တွင် အဘာဆက်ဒ်မင်းဆက် အာဏာရလာသောအခါ အိုင်မိုင်ယာဒ် အင်ပါယာသည် စည်းလုံးညီညွတ်မှုကိုရခဲ့၍ အင်အားခိုင်မာ တောင့်တင်းလာခဲ့ပေသည်။ ၎င်းတို့သည် ဘယ်လာရက်စ်၊ စစ်စလီကျွန်းများ အပါအဝင် မြေထဲပင်လယ် ကျွန်းဒေသများကို သိမ်းပိုက်နိုင်ခဲ့ပေသည်။ အုပ်ချုပ်ရေးအသစ်သည် အိုင်မိုင်ယာ့ဒ်များလက်ထက်မှ ဘဝင်မကျသော အရာများကို ဆန့်ကျင် စည်းရုံးခဲ့ပြီး ယဉ်ကျေးမှုတော်လှန်ရေးဖြစ်သည့် "အဘူ မူဆလင်" အဘာဆက်ဒ် တော်လှန်ရေးကို ပြုလုပ်ခဲ့ပေသည်။ အဘာဆက်ဒ်မင်းများ လက်အောက်တွင် အစ္စလာမ် မြို့ပြယဉ်ကျေးမှုမှာ ရှက်နုဝေခဲ့ပေသည်။ အထူးအရေးပါသော တိုးတက်မှုမှာ အာရ်ဗီစကားပြေ အရေးအသားနှင့် ကဗျာလင်္ကာ စာပေထွန်းကားမှုများမှာ ထွန်းတောက်ခဲ့၍၊ ကိန်းဘရစ် တက္ကသိုလ်မှပြုစုသော အစ္စလာမ် သမိုင်းတွင် ထိုခေတ်ကို "ရွှေခေတ်" ဟု တင်စားခဲ့ပေသည်။ ၎င်းတို့တွင် စီးပွားရေးနှင့် ကုန်ထုတ်လုပ်ငန်း၊ ဝိဇ္ဇာ သိပ္ပံပညာရပ်များ (မူဆလင် သိပ္ပံခေတ်ပြောင်း တော်လှန်ရေး) သည်လည်း အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ပေသည်။ အဘာဆက်ဒ် မင်းဆက်များမှ အာလ်မန်ဆာ၊ (အုပ်ချုပ်ကာလ အေဒီ ၇၅၄–၇၇၅)၊ ဟာရွန် ရာရှစ်ဒ် (အုပ်ချုပ်ကာလ အေဒီ ၇၈၆–၈၀၉) အာလ်မာမွန်း (အုပ်ချုပ်ကာလ (အေဒီ ၈၀၉–၈၁၃)နှင့် သူတို့နောက် အစောပိုင်း ဆက်ခံသည့် သမ္မတများလက်ထက်တွင် အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့ပေသည်။

အေဒီ ၈၂၀တွင် အဘာဆက်ဒ်မင်းဆက် ခလီဖာများနှင့် ခေတ်ပြိုင် အင်ပါယာများ ရှိခဲ့ပေသည်။

အဘာဆက်ဒ်မင်းများ၏ အရှေ့မျှော် သီအိုရီအရ အရှေ့ဘက်ရှိ ပါရှားနှင့် တရန်စိုဇာနီးယားတို့၏ အရေးကိစ္စများအတွက် ထိုမင်းဆက်သည် ယခင်မြို့တော်ဖြစ်သော ဒမတ်စကတ်မှ ဘဂ္ဂဒတ်ကို မြို့တော်အဖြစ် ပြောင်းရွှေ့သတ်မှတ်ခဲ့ပေသည်။ အဘာဆက်ဒ် တော်လှန်ရေးအတွင်း အိုမိုင်ယာ့ဒ် မိသားစုများ သတ်ဖြတ်ခံလိုက်ရသော်လည်း၊ မိသားစုဝင်တစ်ဦးဖြစ်သော အဒူ ရာဟ်မန် (၁)သည် စပိန်သို့ ထွက်ပြေးလွတ်မြောက်သွားခဲ့၍ အေဒီ ၇၅၆ ခုနှစ်တွင် ကိုယ်ပိုင် ခလီဖာ စနစ်ကို ထိုဒေသ၌ စတင်ထူထောင်ခဲ့ပေသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အဖြစ် ဟာရွန်ရာရှစ်ဒ်လက်ထက်တွင် အထူးကိုယ်ပိုင် အုပ်ချုပ်ခွင့်ရမင်းများ "အာခ်လာဘက်ဒ်" များကို ခန့်အပ်ထားခဲ့ပေသည်။ သူတို့ကိုယ်တိုင်ကလည်း ဗဟို ခလီဖာများ၏ သြဇာအာဏာကို အသိ အမှတ်ပြုခဲ့ပေသည်။ သို့သော် အေဒီ ၉၀၉ တွင် ရှီယာ ဖာတီမိုက်မင်းဆက်၏ ဖြုတ်ချမှုကြောင့် "အာခ်လာဘက်ဒ်" များသည် နန်းသက်မရှည်ခဲ့ချေ။ အေဒီ ၉၆၀ တွင် ဖာတီမိုက်များသည် အဘာဆက်ဒ်တို့၏ အီဂျစ်ကို အောင်နိုင်ခဲ့၍ ၎င်းတွင်ပင် အေဒီ ၉၆၉–၉၇၃ တွင် မြို့တော်သစ်တည်ခဲ့ပေသည်။ ထိုမြို့တော်ကို "အာလ်ကွာဟီရာ–အောင်မြင်မှု ဂြိုလ်သစ်" အဖြစ် အမည်ပေးခဲ့၍ ယခုခေတ်တွင် ကိုင်ရိုဟု ခေါ်တွင်ပေသည်။ အလားတူပင် ပါရှားတွင်လည်း တာကက်ရှ် ဂါစ်နာဗက်ဒ် တို့က အဘာဆက်ဒ်တို့၏ သြဇာကို ထိပါးလာခဲ့ပေသည်။ အဘာဆက်ဒ်တို့၏ သြဇာသည် ယာယီအားဖြင့် တည်ရှိနေသေးသော်လည်း ပါရှားပြည်မကြီးသို့ ပြောင်းရွှေ့လာသော မူဆလင် တာကက်ရှ်များဖြစ်သည့် ဆဲလ်ဂျာ့က် တာကက်ရှ်များက အဘာဆက်ဒ် တို့ကို အေဒီ ၁၀၅၅ တွင် ဝါးမြိုလိုက်ပေသည်။

ထိုကာလများတွင် တစ်ခါတရံ စစ်ရေးအရ၊ တစ်ခါတရံတွင် ငြိမ်းချမ်းစွာ သြဝါဒခံယူမှုအရ စသည်ဖြင့် အင်ပါယာမှာ ကျယ်ပြန့်လာခဲ့ပေသည်။ အေဒီ ၁၀၀၀ မတိုင်မီကလေးတွင် အိန္ဒိယကို ပထမအဆင့်အနေဖြင့် အောင်နိုင်ခဲ့သည်။ ထို့နောက် နှစ် ၂၀၀ အတွင်း (အေဒီ ၁၁၉၃–၁၂၀၉) တွင် ဂင်္ဂါမြစ်ဝှမ်းဒေသများကို အောင်နိုင်ခဲ့ပေသည်။

ဆာဟာရ၏ ကိုင်းကွဲဖြစ်သော အနောက်ပိုင်း အာဖရိကတွင် အေဒီ ၁၀၀၀ ကျော်ကလေးတွင် အစ္စလာမ်အင်ပါယာကို အခိုင်အမာ တည်ဆောက်ခဲ့ပေသည်။ ကာနင်မ် တွင် အေဒီ ၁၀၈၁ နှင့် ၁၀၉၇ ကြား၌ မူဆလင်အုပ်ချုပ်ရေးကို ထူထောင်ခဲ့ပြီး၊

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

မှတ်တမ်းများအရ “ဂါအို” ခေါင်းဆောင် မူဆလင်မင်းသားတစ်ပါးသည် အေဒီ ၁၀၀၉ အစောပိုင်းကာလကပင် ရောက်ရှိနေပြီဟု ဆိုပေသည်။ မာလီအပါအဝင် အစ္စလာမ် ဘုရင်ပိုင်နိုင်ငံသည် အေဒီ ၁၃ ရာစုတွင် ဖြစ်လာခဲ့ပေသည်။

အဘာ့ဆက်ဒ် စိုးစံနှစ်များကာလတွင် ဘဂ္ဂဒတ်သည် ကမ္ဘာ့ယဉ်ကျေးမှု အထွဋ်အထိပ် ဗဟိုချက်မ ဖြစ်ခဲ့ပေသည်။ အဘာ့ဆက်ဒ် မင်းများသည် ကိုယ်တော်မုဟမ္မဒ်၏ ဦးလေးတော် အဘာ့ဆ် ၏ မျိုးနွယ်များဖြစ်၍၊ သူတို့သည် အိုမိုင်ယာ့ဒ် အုပ်ချုပ်မှုအောက်မှ ရှင်ပြန်လာသော လူသားများ “မေရှိယ” “ရှင်ပြန်လာသူများ” ဖြစ်သည်ဟု ခံယူခဲ့ပေသည်။ အဘာ့ဆက်ဒ် ခလီဖာများဖြစ်သော ဟာရွန်ရာရှစ်ဒ်နှင့် အာလ်မာမွန်တို့သည် ဝိဇ္ဇာ သိပ္ပံပညာတို့၏ နာယက ကြီးများ ဖြစ်ခဲ့၍၊ ထိုပညာရပ်များအား အလွန် အားပေးအားမြှောက် ပြုပေးခဲ့ပေသည်။ အစ္စလာမ် ဒဿနများ ဖွင့်ဖြိုးလာမှုနှင့်အညီ အစ္စလာမ်ဥပဒေ “ရှရီအတ်”များကို စနစ်တကျပြုပြင်ခဲ့၍၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ လေးခုကိုလည်း ထူထောင်ခဲ့ပေသည်။ ထိုကာလအတွင်းတွင် အစ္စလာမ် ဝိပဿနာ “ဆူဖီဝါဒ”များ ထွန်းတောက်ခဲ့ခြင်းများကိုလည်း တွေ့ရပြီး၊ တပည့်စဉ်ဆက် ဆင့်ပြန်သော ဆွဟီ ဘိုခါရီ ကျမ်း အပါအဝင် အခြားသော ဟဒီးသ် (သမိုင်း) ကျမ်းများကိုလည်း ပြုစုခဲ့ပေသည်။

## ဒေသဆိုင်ရာ အုပ်ချုပ်ရေးများ

အဘာ့ဆက်ဒ်မင်းများသည် တိုတောင်းသော ကာလအတွင်းတွင် သုံးပွင့်ဆိုင် ပြိုင်ဘက်များဖြစ်သော အာရပ်များ၊ ပါရှားများနှင့် ပြောင်းရွှေ့အခြေချနေထိုင်လာသော တာကက်ရှ်များကို သိမ်းသွင်းနိုင်ခဲ့ပေသည်။ သို့သော် စုပေါင်းထားသော အင်ပါယာကြီးအား အုပ်ချုပ်ရေးအတွက် ပေးဆပ်ရမှုမှာ ကြီးကျယ်လှ၍၊ အစ္စလာမ်တို့၏ နိုင်ငံရေး စည်လုံးညီညွတ်မှုမှာ စတင် ကွဲပြားခဲ့ပေသည်။ သီအိုရီအရ ခလီဖာ ခေါင်းဆောင်များဟု အသိအမှတ်ပြုထားသော စော်ဘွားများက လွတ်လပ်ရေး ခွဲထွက်လာခဲ့ကာ၊ ပြိုင်ဘက် ဖလီဖာများ တည်ထောင်လာမှုနှင့်အတူ အတွင်းအာဏာလု ပြိုင်ဘက်များ စနစ် ဇတ်သိမ်းသွားခဲ့ပေသည်။ တဖြေး ဖြေးနှင့် အဘာ့ဆက်ဒ် မင်းဆက်သည် **ဘူဝေဟက်** စောဘွားများ၏ ရုပ်သေး အုပ်ချုပ်သူများ ဖြစ်လာခဲ့ပေသည်။

ထိုကာလများအတွင်းတွင် နက္ခတ္တဗေဒပညာ၊ ကဗျာလင်္ကာရေးခြင်းအတတ်၊ ဒဿန (အတွေးအခေ) ပညာ၊ သိပ္ပံရေးရာနှင့် သင်္ချာပညာများ ထွန်းတောက်ခဲ့ပေသည်။

## ဖာတီမိုက် အင်ပါယာ

ဖာတီမိုက်တို့၏ ဇာတိမှာ (ယခုခေတ် တူနီးရှားနှင့် အလ်ဂျီးရီးယား အရှေ့ပိုင်း) အက်ဖရီကီယာ မှ ဖြစ်ပေသည်။ ထိုအင်ပါယာကို အေဒီ ၉၀၉ တွင် အဗ္ဗဒူလ္လာ အာလ်မဟ်ဒီ ဘီလာဟ် ကထူထောင်ခဲ့ပြီး၊ သူသည် ကိုယ်တော်မုဟမ္မဒ်၏ သမီးတော် ဖာတီမာနှင့် ပထမဦးဆုံး ရှီယာတို့၏ အေမာန် အဖြစ် ခံယူသော အလီသခင်တို့၏ မျိုးရိုးဖြစ်သည်ဟု ခံယူ၍၊ သူ၏ မင်းဆက်ကို “ဖာတီမာယာန်” ဖာတီမိုက်ဟု ခေါ်တွင်ခြင်း ဖြစ်ပေသည်။

အဗ္ဗဒူလ္လာ အာလ်မဟ်ဒီသည် တိုတောင်းသော ကာလတွင်ပင် သူ၏ ဩဇာကို ယခုခေတ် မော်ရိုကို၊ အလ်ဂျီးရီးယား၊ တူနီးရှား၊ လက်ဗျား နိုင်ငံများပါဝင်သည့် ကိုယ်ပိုင် အုပ်ချုပ်မှုနယ်များထံသို့ ဖြန့်ကျက်နိုင်ခဲ့ ပေသည်။ ထိုနယ်ဒေသများကို တူနီးရှားတွင် အသစ်တည်ဆောက်သော မယ်ဟ်ဒီယာ နေပြည်တော်မှ အုပ်ချုပ်ခဲ့ပေသည်။

ဖာတီမိုက်များသည် အေဒီ ၉၆၀ နောက်ပိုင်းတွင် အီဂျစ်သို့ စတင်ဝင်ရောက်ခဲ့၍၊ ထိုမှ အဲ့ဂ်ရှီဒက်ဒ် မင်းဆက်ကို အောင်နိုင်၍၊ မြို့တော်သစ် အာလ်ကွာဟီရာ (ကိုင်ရို) ကို (အေဒီ ၉၆၉–၉၇၃) တွင် တည်ထောင်ခဲ့ပေသည်။ ထိုမြို့တော်သစ် အမည်၏ အဓိပ္ပါယ်မှာ မားစ်ဂြိုလ် သို့မဟုတ် အောင်မြင်မှု ဂြိုလ်သစ်ဟု ဖြစ်၍၊ ထိုမြို့တွင် ဖာတီမိုက်တို့၏ ခလီဖာများကို ခန့်အပ်ထားပြီး တပ်အင်အားကိုလည်း ဖြည့်တင်းထားနိုင်ခဲ့ပေသည်။ ၎င်းသည် အီဂျစ်နိုင်ငံ၏ အစိုးရရုံးစိုက်မြို့နှင့် စီးပွားရေး မြို့တော်အဖြစ် ၁၁၆၉ ခုနှစ်အထိ ဖြစ်ခဲ့ပေသည်။ ဖာတီမိုက်များသည် ပတ်ဝန်းကျင်ဒေသများကိုပါ အောင်နိုင်ခဲ့၍ တူနီးရှားမှ ဆီးရီးယားအထိ၊ ထိုထက်ကျော်လွန်ကာ စစ်စလီကျွန်းနှင့် အီတလီတောင်ပိုင်းဒေသအထိ ထိမ်းသိမ်း အုပ်ချုပ်ခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ဖာတီမိုက် မင်းဆက်လက်အောက်တွင် အီဂျစ်သည် အင်ပါယာ၏ ဗဟိုချက်မဖြစ်၍၊ အင်ပါယာကို မြောက်အာဖရိက ဦးချို၊ စစ်စလီ၊ ပါလက်စတိုင်း၊ လက်ဘနွန်၊ ဆီးရီးယား၊ ပင်လယ်နီကမ်းရိုးတန်း အာဖရိဒေသများ၊ ယီမင်နှင့် ဟီဂျပ်စ်ဒေသများအထိ ဖြန့်ကျက်နိုင်ခဲ့ပေသည်။ ထိုမင်းဆက် လက်ထက်တွင် အီဂျစ်ကို ဗဟိုပြု၍၊ မြေထဲပင်လယ်ဒေသနှင့် အိန္ဒိယသမုဒ္ဒရာ စီပွားရေး ကွန်ယက်ကို ထူထောင်နိုင်ခဲ့သည်။ သူတို့၏ ကုန်သွယ်မှုနှင့် သံတမန် ဆက်ဆံရေးကို တရုတ်ပြည် ဆွန်မင်းဆက်နှင့် ထူထောင် နိုင်ခဲ့ပြီး တဖြေးဖြေးနှင့် အီဂျစ်ကို အလယ်ပိုင်း ခေတ်ကာလ၏ စီးပွားရေး အခရာဒေသ အဖြစ် သတ်မှတ်ခဲ့ရပေသည်။

ဒေသတွင်း အခြားသော အစိုးရများနှင့် မတူဘဲ ထူးရှားချက်များမှာ ဖာတီမိုက်တို့သည် အစဉ်အလာနှင့်မတူဘဲ အုပ်ချုပ်မှု ပုံစံများကို ထူထောင်နိုင်ခဲ့သည်။ ဆွန်နီ မူဆလင်ကဲ့သို့ အခြားသော အစ္စလာမ် ဂိုဏ်းများကိုလည်း ရှီယာ အစိုးရ၏ အစိုးရ ဌာနများတွင် ရာထူးကြီးများ ပေးအပ်ခဲ့ပေသည်။ သဘောထားကြီးမှုကို ဖြန့်ကျက်သောအနေဖြင့်၊ ခရစ်ယာန်များ ဂျူးများကဲ့ သို့ အခြားသော မူဆလင်မဟုတ်သည့် လူမျိုးများကိုလည်း သူ၏ အရည်အချင်းပေါ်မူတည်၍ အစိုးရ ရာထူးကြီးများကို ရပိုင် ခွင့် ပြုထားပေသည်။

## အိုင်မိုင်ယာ့ဒ်နှင့် ဘာဘာ မင်းဆက်များ လက်အောက် အာဘာရီယာန် ကျွန်းဆွယ် (စပိန်)

အာရပ်များက ဘာဘာ၏ အမိန့်ဖြင့် ဗိုလ်ချုပ် တာရစ်ခ် အိဗန် ဇိုက်ဒ်ဦးဆောင်၍၊ စပိန်တောက်ပိုင်း သို့မဟုတ် အာလ် အင်ဒူး လာ့ပ်စ် ကို အေဒီ ၇၁၁ တွင် အောင်နိုင်ခဲ့သည်။ တာရစ်ခ် ဦးဆောင်သော မြင်းတပ်အား ဟက်စပင်းနီးယားမှ **ဗက်စီကိုသက်ခ်** ဘုရင့်နိုင်ငံမှ ပြည်တွင်းစစ်ကို ဝင်ရောက်ဟန့်တားရန် စေလွှတ်လိုက်ပေသည်။ ဂျီဘရော်တာ ရေလက်ကြားကို ဖြတ်ကျော် ပြီးနောက် တစ်စိုက်မတ်မတ် အောင်မြင်မှုများ ရရှိခဲ့ပြီး၊ အေဒီ၇၁၁ ခုနှစ် နွေရာသီတွင် **ဗက်စီကိုသက်ခ်** ဘုရင် **ရိုဒ်ရစ်**ကို နှိမ်နှင်းနိုင်ခဲ့၍၊ ဂွာဒါလီတီ စစ်ပွဲတွင်း ဂျူလိုင်လ ၁၉ ရက်နေ့တွင် သုတ်သင်လိုက်ပေသည်။ တာရစ်ခ် စစ်ဗိုလ် မူဆာဘင် နဆားသည် လျှင်မြန်စွာ တပ်အင်အားဖြည့်တင်းနိုင်ခဲ့ပြီး အေဒီ ၇၁၈ တွင် ကျွန်းဆွယ်၏ အများစုကို မူဆလင် အုပ်ချုပ်ခံအဖြစ် သိမ်းသွင်းနိုင်ခဲ့သည်။

အာလ် အင်ဒူးလာ့ပ်စ် ဒေသ အုပ်ချုပ်ရေးမှူးများကို ဒမတ်စကတ်မှ အိုမိုင်ယတ် ခလီဖာ အာလ် ဝလိဒ်က စော်ဘွားများ အဖြစ် ခန့်အပ်ခဲ့ပေသည်။။ အဘာဆက်ဒ်မင်းဆက်များ အရှေ့အလယ်ပိုင်းတွင် အာဏာရလာသောအခါ၊ အချို့သော အိုမိုင်ယတ် များသည် မူဆလင်ပိုင် စပိန်သို့ ထွက်ပြေးတိမ်းရှောင်သွားကြ၍၊ သူတို့ကိုယ်ပိုင် ခလီဖာစနစ်ကို ထူထောင်ခဲ့ကြပေသည်။ ဆယ်ရာစု အကုန်ပိုင်းတွင် အုပ်ချုပ်ရေးမှူး အဗ္ဗဒူလ် ရာဟ်မန် (၃) သည် ကော်ဒိုဘာ စော်ဘွားဘွဲ့ကို ခံယူခဲ့ပေသည်။ များမကြာမီပင် အိုင်မိုင်ယာ့ဒ်တို့သည် တိုးတက်ဖွံ့ဖြိုးလာ၍ ကော်ဒိုဘာကို မြို့တော်ပြုလျက် နိုင်ငံတော်အဖြစ် အင်အား တစ်ရပ်ဖြင့် ရပ်တည်လာခဲ့ပေသည်။ အေဒီ ၉၆၁ ခုတွင် ခမည်းတော် အဗ္ဗဒူလ် ရာဟ်မန် ကွယ်လွန်သောအခါ အာလ် ဟာကန် (၂)က ထီးနန်းအမွေကို ဆက်ခံခဲ့၍၊ သူသည် မြောက်ပိုင်း ခရစ်ယာန် ဘုရင့်နိုင်ငံ အီဘာရီယာ နှင့် ငြိမ်းချမ်းရေးကို ထိမ်းထား နိုင်ခဲ့ကာ ရေသွင်းရေထုတ်လုပ်ငန်းဖြင့် စိုက်ပျိုးရေးကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ခဲ့ပေသည်။ စီးပွားရေးတိုးတက် ကောင်းမွန်လာသည်နှင့်အမျှ လမ်းမကြီးများ ဖေါက်လုပ်ခြင်း ဈေးကြီးများ တည်ဆောက်ခြင်းတို့ကို ပိုမိုအားဖြည့်ပေးနိုင်ခဲ့သည်။ ထိုသမ္မတများ (ခလီဖာများ)၏ အုပ်ချုပ်မှုအောက်တွင် အာဘာရီးယာန် ကျွန်းဆွယ်ဒေသ၏ မူဆလင်တို့ ခေတ်စားချိန်ဟု ကျော်ကြားခဲ့ပေသည်။

အိုင်မိုင်ယာ့ဒ် မင်းဆက်များ၏ ခလီဖာ ဟာရှင်မ် (၂) လက်ထက်တွင် နိုင်ငံရေးအယူအဆ အကွဲအလွဲများနှင့် ပြည်တွင်းရေး မငြိမ်မသက်များ ဖြစ်ခဲ့ရ၍ ထိုမင်း၏ လုံ့လဝရိယ အားနည်းမှုများကြောင့် သူ့အား ဖြုတ်ချလိုက်သောကြောင့် အေဒီ ၁၀၃၁ တွင် အိုင်မိုင်ယာ့ဒ်မင်းဆက် ပြုတ်ခဲ့ရလေတော့သည်။ ထို့နောက် ကော်ဒိုဘာကို ဗဟိုပြုသော အင်ဒူးလာ့စ် အစ္စလာမ် နိုင်ငံ တော် သည်လည်း (အာရ်ဗီအခေါ်အားဖြင့် မူလွတ် အာလ် တွဝါဖ်အက်ဖ်– မြန်မာအဓိပ္ပါယ် အုပ်စု ဘုရင်နိုင်ငံများ) သီးခြား လွတ်လပ်သော ဘုရင့်နိုင်ငံကလေးများ အဖြစ် ပြိုကွဲသွားကာ အာဘာရီယာန် ကျွန်းဆွယ်ဒေသတွင် မြောက်ပိုင်း ခရစ်ယာန် နိုင်ငံများထက် အင်အားနည်းလာခဲ့တော့သည်။ ဆီဗေးလ် ကဲ့သို့သော အချို့ သီးခြားလွတ်လပ်သည့် မူဆလင် ခလီဖာ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

(သမ္မတ) နိုင်ငံငယ်ကလေးများများမှာ ခရစ်ယာန် မင်းသားများကို အခွန်ဘဏ္ဍာများ ဆက်သရန် အဓမ္မတောင်းခံခြင်းများ ခံလာရပေတော့သည်။

## ကရူးဆိတ်စစ်ပွဲများ

အေဒီ ၈ ရာစု အစပိုင်းကပင် စပိန်မှ ခရစ်ယာန် ဘုရင့်နိုင်ငံများသည် မူးရ်လူမျိုးများ လက်အောက်တွင်ရှိသော အင်ဒူးလာ့စ်အား ပြည်လည်ရရှိရန် စစ်ဆင်ရေးများ ပြုလုပ်ခဲ့ပေသည်။ အေဒီ ၁၀၉၅ တွင် ပုပ်ရဟန်းမင်း အာဘန် (၂) က စပိန် ခရစ်ယာန်မင်းများ၏ ထိုးစစ်များကို "သာသနာ့စစ်ပွဲ" အဖြစ် အသိအမှတ်ပြု လှုံ့ဆော်လျက် အရှေ့ပိုင်း၌ ခရစ်ယာန် သာသနာအား ကာကွယ်စောင့်ရှောက်ကြရန် အရှေ့ဘက် ရောမ အင်ပါယာထံ၌ အကူအညီတောင်းခံခဲ့ပေသည်။ ၎င်းကို အနောက်ဥရောပမှ ပထမ ကရူးဆိတ် (သာသနာပြုစစ်) အဖြစ် ကြေငြာပြီး ထိုစစ်ပွဲတွင် အီဒက်ဆာ၊ အန္တိအုတ်၊ ထရီပိုလီနှင့် ဂျေရုဆလင် တို့ကို သိမ်းပိုက်ခဲ့ပေသည်။ ဂျေရုဆလင် ခရစ်ယာန် ဘုရင့်နိုင်ငံသည် အစ္စလာမ်တို့၏ သာသနာ့ အဆောက်အအုံများနှင့် ဂျေရုဆလင်ရှိ အစ္စလာမ် အမွေအနှစ်များကို သူတို့၏ လက်အောက်၌ ထိန်းချုပ်ထားခဲ့ပေသည်။ သို့သော် အိုင်မိုင်ယာ့ဒ် မင်းဆက်များကို နှိမ်နင်း၍ နန်းတက်လာသော ဖာတီမိုက်များမှ စစ်သူကြီး ဆလာဒင် (ဆလာအွဒ္ဒင်)သည် အေဒီ ၁၁၈၇ တွင် ဂျေရုဆလင် ဘုရင်နိုင်ငံကို ပြန်လည် တည်ငြိမ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး အစ္စလာမ်ပိုင်နယ်အဖြစ် ပြန်လည်သတ်မှတ်ခဲ့ပေသည်။ မြင့်မြတ်သော မြို့တော် (ဂျေရုဆလင်) နှင့် အခြားသော သာသနာ့မြေများကို သိမ်းပိုက်နိုင်ရန်အတွက် ဆင်နွှဲခဲ့သော အခြားကရူးဆိတ်များမှာ ခရစ်ယာန် အင်ပါယာများဖြစ်သည့် ကွန်စတန်တီနိုဘဲလ်၊ ဘိုင်ဇန်တိုင် တို့မှာ တွက်ဆထားသည်ထက် ပိုမိုပြင်းထန်စွာ ပေးဆပ်ခဲ့ရ၍ စစ်ပန်း စားရိတ်ထောင်းဖြစ်ခဲ့ရပေသည်။ သို့သော် ထိုကရူးဆိတ်စစ်ပွဲများသည် မူဆလင်တို့အား ခရစ်ယာန်နယ်မြေများသို့ ဆက်လက် ပြန့်ပွားနေခြင်းမှ ကာကွယ်ထားနိုင်ခဲ့ပေသည်။

(ကရူးဆိတ် စစ်ပွဲများကို ခရစ်ယာန် သာသနာ သမိုင်းတွင်ကြည့်ပါ၊)

## မန်လွတ်က် မင်းများ

အချိန်တိုအတွင်းတွင် အင်အားကြီးလာသော (ဆလာဒင် ထူထောင်သည့်) မန်လွတ်က်မင်းများ စိုးစံသည် အေယူဘက်ဒ် မင်းဆက်သည် အေဒီ ၁၂၅၀ တွင် ပေါ်ပေါက်လာခဲ့သည်။ မန်လွတ်က်များသည် တာကက်ရှ်လူမျိုးများ ဖြစ်၍၊ ဂျေရုဆလင်မှ လက်ကျန် ကရူးဆိတ် ဝါဒီများကို တော်လှန် မောင်းထုတ်ပစ်သည့်အပြင်၊ ဆီးရီးယားသို့ ကျူးကျော်လိုသော မွန်ဂိုများကိုလည်း တော်လှန် မောင်းထုတ်နိုင်ခဲ့၍ သူတို့၏ အင်အားမှာ ဆီးရီးယားမှ အီဂျစ်အထိ စုစည်းထားနိုင်ခဲ့ပေသည်။ ထိုမင်းဆက်သည် အဘာဆက်ဒ်နှင့် အော်တိုမင်အင်ပါယာတို့ ကြားကာလတွင် (အေဒီ ၁၂၅၀မှ ၁၅၁၇ ထိ) သက်တမ်း အရှည်ဆုံး မင်းဆက် ဖြစ်ပေသည်။

## အာဖရိကမှ အစ္စလာမ်

အစ္စလာမ် သာသနာ၏ အစောဆုံး ခေတ်ကာလကပင် အစ္စလာမ်သာသနာသည် အာဖရိကသို့ ရောက်ရှိခဲ့ပေသည်။ အစ္စလာမ် ပထမဆုံး နိဗ္ဗာန်ဆော်ကြီး ဖြစ်သည့် ဘီလာလ် ဟာ့ဘ်ရှီသည် မြောက်အာဖရိက မျိုးနွယ်မှ ဖြစ်ပေသည်။ အာဖရိကတွင် အစ္စလာမ်တို့ ပထမဆုံးရောက်ရှိသော တိုင်းပြည်မှာ အဘီဆီးနီးယား (ယခုခေတ်တွင် အီသီယိုပီးယား သို့မဟုတ် အီရီတေးရီး ယား) ဖြစ်ပေသည်။

(ယခုအခါ အာဖရိက တစ်တိုက်လုံး၏ ၄၅ ရာနှုန်းမှာ အစ္စလာမ်၊ ၄၃ ရာနှုန်းမှာ ခရစ်ယာန်နှင့် ကျန်သော ရာနှုန်းမှာ ဒေသခံ ရိုးရာ ဘာသာများ ဖြစ်သည်။)

## မဂ္ဂဟာ့ဘ် (ကိုယ်ပိုင်နယ်များ) မှ အစ္စလာမ်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အာဖရိကတိုက်ရှိ ဤနယ်များမှ အစ္စလာမ်အုပ်ချုပ်ရေးသည် အစ္စလာမ်သမိုင်း၏ အများဆုံး ခေတ်ကာလများတွင် သီးခြား လွတ်လပ်သော ဒေသများဖြစ်၍၊ အရေးပါသော အမိုင်း မှတ်တမ်းများအနက်တွင် စာရင်းဝင်ခဲ့ပေသည်။

အနောက်ဘက် ကိုယ်ပိုင်လွတ်လပ်သော နယ်များ (မော်ရိုကို)မှ ပထမဆုံး အာရပ် မင်းဆက်မှာ အီဒရစ် မင်းဆက်ဖြစ်၍၊ အေဒီ ၇၈၈ မှ ၉၈၅ အထိ ဖြစ်ခဲ့ပေသည်။ ပထမဆုံး ကိုယ်ပိုင် အုပ်ချုပ်ရေးမှူးမှာ အီဒရစ် (၁) ဖြစ်ပေသည်။

ဆာဟာရမှ ဘာဘာမင်းဆက်၏ နန်းဆက်ဖြစ်သော အာလ်မိုရာဗစ်ဒ် မင်းဆက်မှာ အေဒီ ၁၁ ရာစုတွင် အာဖရိက အနောက် ပိုင်းနှင့် အာဘာရီယာန် ကျွန်းဆွယ်ဒေသ (စပိန်) အထိ ဖြန့်ကျက်ခဲ့ပေသည်။ ထိုမင်းဆက်များ လက်အောက်တွင် ယခုခေတ် မော်ရိုကို၊ အနောက်ပိုင်း ဆာဟာရ၊ မူရေတေနီယား၊ ဂျီဘရော်တာ၊ အလ်ဂျီးရီယားမှ တလီမင့်စ်၊ တောင်ပိုင်းတွင် ယခုခေတ် ဆီနီးဂေါနှင့် မာလိတို့၏ များစွာသော အစိတ်အပိုင်းများ၊ မြောက်ပိုင်းတွင် စပိန်နှင့် ပေါ်တူဂီ တို့အထိ ဖြန့်ကျက်ခဲ့ပေသည်။

ဘာဘာ မူဆလင်များ ဖြစ်သည့် ယူနီတာရီယာန် သို့မဟုတ် အလ်မိုဟာ့ဒ် မင်းဆက်သည် အေဒီ ၁၂ ရာစုတွင် မူးရစ် မင်းဆက်ကို ထူထောင်၍၊ မြောက်ပိုင်း အာဖရိက တစ်ခုလုံးကို အီဂျစ်အထိ သိမ်းသွင်း၍ အလ်အင်ဒူးယာ့စ် (စပိန်) နှင့် စုပေါင်း အုပ်ချုပ်ခဲ့ပေသည်။

## အရှေ့အာဖရိကမှ အစ္စလာမ်

အရှေ့အာဖရိကသို့ အစ္စလာမ်သာသနာ ရောက်ရှိလာခြင်းမှာ အစ္စလာမ်သာသနာ စတင်ပေါ်ထွန်းချိန် အေဒီ ၆၁၅ ခုမှ စတင်ခဲ့ပေသည်။ ထိုစဉ်က မက္ကာဟ်တွင် ညှင်းပန်းနှိပ်စက်ခံရသောကြောင့် လွတ်မြောက်ရာသို့ ပြောင်းရွှေ့လာခဲ့ရသော အစ္စလာမ် သာသနာဝင်များသည် ယခုခေတ် အီသီယိုပီးယားဟု ခေါ်တွင်သော အဘီးဆီးနီးယားသို့ ခိုလှုံခဲ့ရပေသည်။ ထိုစဉ်က ဘာသာ တရား၌ ကိုင်းရှိုင်းသော အဘီးဆီးနီးယားဘုရင် ခရစ်ယာန်မင်း နီဂူ့စ်က ထိုဒုက္ခသည်များကို လက်ခံခဲ့ပေသည်။ ထို့အပြင် ကိုယ်တော် မုဟမ္မဒ် ကြေငြာသော အစ္စလာမ်သာသနာ၏ ပထမဦးဆုံး နိဗ္ဗာန်ဆော်ကြီး ဘီလာလ် မှာလည်း အဘီဆီးနီးယား မျိုးနွယ်မှ ဖြစ်ခဲ့ပေသည်။ အစ္စလာမ် သာသနာသည် အာရပ်တွင် ကျေးကျွန်ဖြစ်နေရသော အာဖရိက လူမည်းများကို ကျေး ကျွန် ဘဝမှ ကယ်တင်ခဲ့ခြင်း၊ အသားရောင် ခွဲခြားမှု မရှိခြင်းတို့ကြောင့် အာဖရိကမင်းများနှင့် အစ္စလာမ်၏ ကြားတွင် ပဋိပက္ခ မရှိခဲ့ချေ။

တန်ဇန်နီးယားတွင် အစ္စလာမ် အစိုးရများ ရှိခဲ့ပေ၍၊ ဖော့ဒ်လူမျိုးများသည် အရှေ့အာဖရိကသို့ ပထမဆုံး ရွှေ့ပြောင်း နေထိုင် လာသော လူမျိုးဟု ပြောဆိုခံရပေသည်။ အရှေ့အာဖရိကသို့ အစ္စလာမ် သာသနာ ရောက်ရှိလာသော အဓိက အကြောင်း ရင်းမှာ ကုန်သွယ်လမ်းကြောင့်ပင် ဖြစ်၍၊ အာဖရိက လူမျိုးများသည် ထိုလမ်းကြောင်းတလျှောက်တွင် ကာလကြာမြင့်စွာ နေထိုင်ခဲ့ကာ အာရပ်ကုန်သည်များနှင့် နီးစပ်စွာ ဆက်ဆံရေး ရှိခဲ့သည်မှ အစ္စလာမ် သာသနာသို့ ကူးပြောင်းခံယူခဲ့ခြင်းများ ဖြစ်ပေသည်။ အထူးသဖြင့် တာဘိုရာ ဒေသကဲ့သို့ အရေးပါသော နေရာဒေသများတွင် အစ္စလာမ်သာသနာအား စတင် လက်ခံလာခဲ့ပေသည်။ ထိုမှတဆင့် မူဆလင်တို့၏ လူနေမှုဓလေ့များကို အာရပ် မူဆလင်များ၏ တိုက်တွန်းမှုကြောင့် ဖြစ်စေ၊ တိုက်တွန်းမှု မရှိဘဲဖြစ်စေ နည်းအမျိုးမျိုးဖြင့် အာဖရိက လူမျိုးများက လက်ခံကျင့်သုံး နမူနာယူလာခဲ့ပေသည်။ အာဖရိက၏ အစ္စလာမ် အင်ပါယာ မတိုင်မီက ခေတ်ကာလများက အရှေ့အာဖရိက၏ အစ္စလာမ် ရေးရာများကို အိုလမာ (ဆွာဟီလီ စကားဖြင့် **ဝနော်ယူအိုနိစ်**) များက ကိုင်တွယ်ခဲ့၍ သူတို့၏ ပင်မအခြေခံဒေသမှာ ဇန်ဘီယာတွင် ရှိခဲ့ပေသည်။ အစ္စလာမ် အင်ပါယာ၏ နယ်မြေစည်းခြားကို မတိုးချဲ့မီ ထိုအချိန်ကာလများတွင် အိုလမာခေါင်းဆောင်များမှာ အရှေ့အာဖရိကမှ မူဆလင် အများစု အပေါ်တွင် အာဏာရှိနေခဲ့ပေသည်။ ထို့ကြောင့် ဇန်ဘီယာ မူဆလင် ဘုရင်ခံများ၏ သြဇာမှာ ထိုဒေသရှိ မူဆလင် အများစုအပေါ်သို့ လွှမ်းမိုးခဲ့ပေသည်။ အရှေ့အာဖရိက၏ နောက်ဆုံး မူဆလင် ဘာသာရေး အာဏာပိုင်မှာ ကာဒီ ဖြစ်ပေ သည်။

## အနောက် အာဖရိကမှ အစ္စလာမ်သာသနာ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ဖူလာနီ စစ်ပွဲအပြီးတွင် **အွတ်ဆမန် ဒင် ဖွဒ်ဒီယို** သည် အာဖရိကတွင် အကြီးဆုံး နိုင်ငံကြီးဖြစ်သည့် ဖူလာနီ အင်ပါယာကို ထူထောင်ခဲ့၍၊ သူသည် အစ္စလာမ် ဥပဒေကို အခြေခံသော ခိုင်မာတောင့်တင်းသည့် အစိုးရကို ဖွဲ့စည်းထူထောင်ခဲ့ပေသည်။ စစ်ပွဲ၏ အစပိုင်းတွင်ပင် အရွယ် ရောက်နေပြီဖြစ်သော **ဒင်ဖွဒ်ဒီယို** သည် သူထူထောင်သော **ဆိုကိုတို** မူဆလင်မင်းဆက်ကို ၁၈၁၅ ခုနှစ်တွင် သူ၏သား **မူဟာမွဒ် ဘီလို** အား လွှဲအပ်ပေးခဲ့ပေသည်။

## အာရှမှ အစ္စလာမ်သာသနာ

### အိန္ဒိယတိုက်ငယ်

မူဟာမွဒ် ဘင် ကာဆင်၏ ဆင်းဒ်ဒေသ (ပါကစ္စတန်) အား အောင်နိုင်ပြီးသည့် အေဒီ ၈ ရာစုမှစ၍ အိန္ဒိယတိုက်ငယ်သို့ အစ္စလာမ် အုပ်ချုပ်ရေး စနစ်သည် ရောက်ရှိလာခဲ့ပေသည်။ မူဆလင်တို့၏ အောင်မြင်မှုမှာ မာမူဒ်နှင့် ဂါဇ်နာဗဒ်စ် တို့၏ လက်ထက်များတွင် ပိုမိုကျယ်ပြန့်ခဲ့၍ ဂါဇ်နာဗဒ်စ် ကို ဦးဆောင်သော ဂူးရစ်၏ လက်ထက် အေဒီ ၁၂ ရာစုတွင် အိန္ဒိယပြည် မြောက်ပိုင်းကို အောင်မြင်ခဲ့ပြီး အင်ပါယာကို တိုးချဲ့နိုင်ခဲ့ပေသည်။ ကွာဒ် အူဒင် အဘာ့က် သည် ၁၂၀၆ ခုနှစ်တွင် ဒေလီကို အောင်နိုင်ခံ၍ ဒေလီ မူဆလင် မင်းဆက်ကို စတင်ခဲ့ပေသည်။

အလူဒင် ခီလက်ဂျ်သည် မူဆလင် အုပ်ချုပ်ရေးကို တောင်ပိုင်း ဂူဂျရတ်၊ ရာဂျစ္စသန်၊ ဒေကန် ဒေသများသို့ တိုးချဲ့ခဲ့ပေသည်။ ကွာ့ဒ် ရှာဟီ၊ ဗြမ္မာနီကဲ့သို့ များစွာသော မူဆလင်နန်းဆက်များကို ထူထောင်ဖွဲ့စည်း၍ အေဒီ ၁၃ ရာစုမှာ ၁၈ ရာစု အထိ အိန္ဒိယကို အုပ်ချုပ်ခဲ့သော်လည်း မဂိုအင်ပါယာအား ပြိုင်ဘက်ဟူ၍ မရှိခဲ့ချေ။

### တရုတ်

အစ္စလာမ် သာသနာသည် အေဒီ ၅၇၀ ကိုယ်တော်မူဟာမွဒ်ဖွင့်ပေါ် စဉ်ကပင် တရုတ်ပြည်သို့ ရောက်ရှိခဲ့သည်။ ကိုယ်တော်၏ သာဝကကြီး အမ်ရ် ဟန်ဇာသည် တရုတ်ပြည်သို့ လာရောက်၍ အစ္စလာမ်သာသနာ အကြောင်းကို ဟောပြောခဲ့ပေသည်။ ထို့နောက် အေဒီ ၁၃၀၀ ခန့်တွင် အရှေ့ပိုင်း တာ့က်လူမျိုးများ၏ မွန်ဂိုအင်ပါယာ ထွန်းတောက်စဉ်က အစ္စာလမ်သာသနာသို့ ကူးပြောင်းခဲ့သော မွန်ဂိုတို့၏ ဩဇာမှာ အရှေ့ဘက်သို့ တရုတ်ပြည်နှင့် မော်စကို (ရုရှား)အထိ လွှမ်းမိုးခဲ့ပေသည်။ အာရှ အလယ်ပိုင်း ဒေသများဖြစ်သော ကာဇက်၊ ဥဇဘက်၊ တာ့က်နှင့် အခြားများစွာသော တိုင်းရင်းသားများမှာ အစ္စလာမ် သာသနာသို့ ကူးပြောင်းခဲ့သည်။ ထိုတိုင်းပြည်များအနက် ကာဇက်စတန်မှာ အေဒီ ၁၇၀၀ တွင်မှ အစ္စလာမ်သို့ ကူးပြောင်းခဲ့ခြင်း ဖြစ်သည်။ ထိုဒေသများသည် ရုရှား ဇာဘုရင်၏ လက်အောက်တွင် နှစ်ရှည်လများနေခဲ့ရပြီး ကွန်မြူနစ်များ ကြီးစိုးလာသော ကာလတွင် အစ္စလာမ်သာသနာမှာ အကြီးအကျယ် နှိပ်ကွပ်ခံခဲ့ရပေသည်။

၁၉၉၀ ခုနှစ် ဆိုဗီယက်ယူနီယံ ပြိုကွဲသွားသောအခါ၊ များစွာသော မူဆလင်နိုင်ငံများမှာ သီးခြားလွတ်လပ်ရေး ရရှိခဲ့သော်လည်း တရုတ်ပြည်မှ သိမ်းပိုက်ထားသော အရှေ့တာကူမန် (တာကစ္စတန်)မှာ တရုတ်တို့၏ လက်အောက်တွင် ယခုအချိန်ထိ ရှိနေဆဲဖြစ်ပေသည်။

အရှေ့တာကစ္စတန် (တရုတ်အခေါ်ဖြင့် ဇင်ဂျင်း သို့မဟုတ် ရှန်ဂိုင်း)သည် တရုတ်ပြည်၏ ၆ ပုံ ၁ ပုံဧရိယာရှိ၍၊ ထိုဒေသတွင် နေသော တာ့က်တို့ကို တရုတ်တို့က ဝီဂါ ဟု ခေါ်ပေသည်။ ဝီဂါလူမျိုး၏ ၉၀ ရာနှုန်းမှာ မူဆလင်များဖြစ်သည်။ သို့သော် တရုတ်ပြည်မ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် အကြီးအကျယ်ခံစားနေရသော လူမျိုးတစ်မျိုးဖြစ်သည်။

ရုရှမှ ခွဲထွက်လွတ်လပ်လာသော မူဆလင်နိုင်ငံများမှာ ဝီဂါ လူမျိုးနှင့် မျိုးနွယ်တူ လူမျိုးစုများဖြစ်၍ ထိုဒေသအားလုံးစုပေါင်းထားသော ဧရိယာမှာ လက်ရှိ တရုတ်နိုင်ငံနှင့် အတူတူမျှဖြစ်ခြင်းကြောင့် တရုတ်နှင့် ရုရှား နှစ်နိုင်ငံလုံးသည် အာရှအလယ်ပိုင်းမှ မူဆလင် အင်အားကို စိုးရိမ်လျှက် ရှိနေပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

တရုတ်ပြည်တွင် ကွန်မြူနစ် အစိုးရတက်လာပြီးနောက်ပိုင်း (၁၉၄၉) တွင် အစ္စလာမ်သာသနာ ဝတ်ပြုကျောင်းဆောင် (ဗလီ) ပေါင်း ၂၉၀၀၀ ကို သိမ်းပိုက် ဖျက်ဆီးပစ်၍၊ အချို့ကို ဝက်မွေးရုံများ ပြုလုပ်ပစ်ခဲ့ပေသည်။ ထို့အပြင် မူဆလင်လူများစု နေသည့် ဇင်ဂျင်း၊ ယူနန်၊ နိဇီယွာ ကဲ့သို့သော ဒေသများတွင် အစ္စလာမ် မဟုတ်သည့် တရုတ် လူမျိုးများကို စီမံချက် တကျ ရွှေ့ပြောင်းနေထိုင်မှုကို အစိုးရက ပြုလုပ်နေပေသည်။ ထို့ကြောင့် ယခင်က ဇင်ဂျင်းပြည်နယ်တွင် ယီဂွာ လူမျိုး ၉၀ ရာနှုန်း ရှိရာမှ ယခုအခါ ၅၀ ရာနှုန်းသို့ လျော့ကျသွားပေသည်။

ထို့နောက် တရုတ် ကွန်မြူနစ်ဝါဒ အတွင်းသို့ အစ္စလာမ် သာသနာဝင်များကို အတင်းသွပ်သွင်း၍ မူဆလင်ရှေ့ဆောင်ဆရာ တော်များကိုလည်း သောကြာနေ့ ဘုရားဝတ်ပြုပွဲ တရားဟောတိုင်းတွင် ကွန်မြူနစ်ဝါဒ ကောင်းကြောင်းကို ဖောင်းပေး ဟော ပြောခိုင်းပေသည်။

ထို့အပြင် မူဆလင်လူငယ်များကို အစိုးရစီမံချက်ဖြင့် ပြန်ပေးဆွဲသွားခြင်းများ များစွာရှိ၍ ထိုပြန်ပေးဆွဲခံရသော လူငယ်များကို နောက်ပိုင်းတွင် ပြန်လည် တွေ့ရသည်ဟူ၍ မရှိတော့ပေ။ မူဆလင်နည်းသော ဒေသများမှ အစ္စလာမ် သာသနာဝင်များသည် မူဆလင်ဟူ၍ မခံယူရဲဘဲ ဘာသာမဲ့ဟူသော ခေါင်းစဉ်အောက်၌ ဝင်ရောက်ခိုလှုံရသော လူဦးရေက ပိုမိုများပြားလှပေသည်။ ထို့ကြောင့် တရုတ်အစိုးရက သူ့နိုင်ငံတွင် မူဆလင် သန်း ၂၀ ခန့်သာ ရှိသည်ဟု ထုတ်ဖော်ပြောကြားလေ့ ရှိပေသည်။

သို့သော် ၁၉၉၀ ခုနှစ် ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက်ပိုင်းတွင် တရုတ်အစိုးရသည်လည်း တရုတ်နိုင်ငံတွင်းရှိ အလုံး အရင်း နှင့် ရှိနေသော မူဆလင်များ အနေဖြင့် ဖိနှိပ်မှုလွန်ကဲလျှင် အုံကြွပေါက်ကွဲမှု ဖြစ်လာနိုင်သည်ဟု စဉ်းစားလာဟန်ရှိပြီး လှေ့နံနှစ်ဘက်နင်း ပေါ်လစီကို ချမှတ်ကာ အမည်ခံ မူဆလင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် နယ်များကို ပြန်လည်ပေးအပ်လာခဲ့သည်။

ထို့ကြောင့် ဇင်ဂျင်း၊ ယူနန်ကဲ့သို့ ပြည်နယ်ကြီးများတွင် မူဆလင် အသံလွှင့်ဌာနများ၊ ရုပ်မြင်သံကြား ဌာနများ ပေါ်ပေါက်လာ ခဲ့သည်၊ သို့သော် တရုတ်အစိုးရ၏ ပေါ်လစီအောက်၌သာ သတင်းများကို ထုတ်လွှင့်ခွင့် ရှိပေသည်။ တရုတ်ပြည်တွင် မူဆလင် လူဦးရေကို အတိအကျ တရားဝင် ထုတ်ပြန်ခွင့် မရှိချေ၊ သို့သော် တရုတ်မူဆလင် အဖွဲ့အစည်းကြီးများ၏ လျှို့ဝှက် ကောက်ခံ မှု စာရင်းအရ အနည်းဆုံး တရုတ်မူဆလင် သန်း ၃၀၀ ကျော်ရှိသည်ဟု ကမ္ဘာ့လူ့အခွင့်အရေး အဖွဲ့အစည်းများမှ တဆင့် ထုတ်ပြန်ခြင်းများ ရှိပေသည်။

သို့သော် ၁၉၉၆ ခုနှစ်တွင် တရုတ်အစိုးရသည် ဇင်ဂျင်းပြည်နယ်တွင်း၌ နျူကလီးယား စမ်းသပ်မှုပေါင်း ၄၄ ကြိမ်စမ်းသပ်ခဲ့ခြင်း မျိုးဖြစ်သည့်  ထိုဒေသသားများ ကျန်မာရေးနှင့် မျိုးဆက်ထိခိုက်မှု ဖြစ်စေမည့် ရေဒီယို သတ္တိကြွ လေထုညစ်ညမ်းမှုမျိုး ဖြစ်စေရန် စနစ်တကျဖြင့် နှိပ်ကွပ်ခြင်း၊ အစိုးရပေါ်လစီအား ဝေဖန်မိသူများကို အကြမ်းဖက်များဟု စွပ်စွဲ သုတ်သင်ခြင်း (အမေရိကန် အစိုးရက ၎င်းတို့အား အကြမ်းဖက်ဟု သတ်မှတ်သည်ကို လက်မခံပေ၊) စသည့် နည်းမျိုးစုံဖြင့် နှိပ်ကွပ်မှုမျိုး ရှိနေသေးပေ သည်။ ၂၀၀၈ ခုနှစ် ဂျွန်လ တွင်း၌လည်း တရုပ်အစိုးရက အားပေးအားမြှောက်ပြုထားသော ဟန်လူမျိုးများနှင့် ဝီဂါ လူမျိုးတို့ အကြား ပဋိပက္ခဖြစ်စေသော အကြောင်းအရာများကို တရုပ်အစိုးရဘက်မှ လှုံ့ဆော်ခဲ့သည်ဟု လူအခွင့်အရေး အဖွဲ့များက ဆိုပေသည်။ ထိုပဋိပက္ခတွင် ဝီဂါ လူမျိုးတို့မှ အနည်းဆုံး ၁၆၀ ထက်မနည်း သေဆုံးခဲ့ရပေသည်။

ယခုအခါ တရုတ်ပြည်တွင် တရားဝင် ဗလီကြီး ၃၅၀၀၀ ကျော်နှင့် အခြားသော ဘာသာရေးစာသင်ကျောင်း ၄၀၀၀၀ ကျော် ရှိသည်ဟု တရုတ်အစိုးရမှ ထုတ်ပြန်ထားပေသည်။ အမှန်တကယ် စာရင်းတွင် ခရစ်ယာန် ဘုရားကျောင်းများနှင့် အစ္စလာမ် ဝတ်ပြုကျောင်းဆောင်များသည် တရုတ်အစိုးရ ထုတ်ပြန်သည်ထက် အဆပေါင်းများစွာ ပို၍ ရှိနေသည်ဟု လူ့အခွင့်အရေး အဖွဲ့များက ဆိုသည်။

## အရှေ့တောင်အာရှ

အစ္စလာမ် သာသနာသည် အိန္ဒိယပြည် ဂုဂျရတ်ဒေသ ကုန်သည်များမှ တဆင့် အရှေ့တောင်အာရှ ကျွန်းများသို့ အေဒီ ၁၃ ရာစု အကုန်ပိုင်းမှ စတင်၍ ရောက်ရှိခဲ့ပေသည်။ များကြာမီပင် များစွာသော ဆူဖီ (ဝိပဿနာ) ကျင့်ဆောင်မှုအဖွဲ့များက

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အာရ်ဗီ၊ ဖာရ်စီဘာသာတို့ဖြင့် ရေးသားထားသော တော်ဝင် ဝိပသနာကျင့်ဆောင်မှု "ဆူဖီဇင်"များကို မလေး ဘာသာသို့ ပြန်ဆိုခဲ့ကြပေသည်။ ထိုမှ မူရင်း အစ္စလာမ်စာပေသည် မလေးတွင် ဒွန်တွဲဖြစ်တည်လာ၍ ၎င်းသည် မလေး သာသာစကားကို အစ္စလာမ် ဘာသာစကားအဖြစ် ဖြစ်ပေါ်ရန် ဦးတည်ခဲ့ပေသည်။ အေဒီ ၁၂၉၂ ခုနှစ် မာကိုပိုလိုသည် ဆုမတ်တြာကျွန်းသို့ ရောက်ရှိသော ကာလတွင် ဒေသခံ အများစုသည် အစ္စလာမ်သာသနာသို့ ကူးပြောင်းနေကြောင်း တွေ့ရပေသည်။ မလေး ကျွန်းဆွယ်၏ ဆရီဝိဂျာယန် မင်းသားတစ်ပါးဖြစ်သော ပရာမ်မစ်ဝါရာသည် မလက္ကာ မူဆလင် ဘုရင့်မင်းဆက်ကို ထူထောင် ခဲ့ပေသည်၊ ကုန်သွယ် စီးပွားလမ်းကြောင်းမှ တလျှောက် အစ္စလာမ် သာသနာသည် အင်ဒိုနီးရှားရှိ ဘော်နီယိုနှင့် ဂျာဗားကျွန်း များ၊ ထိုင်းနိုင်ငံတောင်ပိုင်း၊ မြန်မာနိုင်ငံတောင်ပိုင်းနှင့် ပင်လယ်ကမ်းရိုးတန်း ဒေသများဖြစ်သည့် ရခိုင်၊ မုတ္တမ၊ သံလျင် ပန်ဝန်းကျင်များ၊ ကမ်ဘောဒီးယားတောင်ပိုင်းနှင့် ဗီယက်နမ် တောင်ပိုင်းဒေသများသို့ ပြန့်နှံ့သွားခဲ့၍ အေဒီ ၁၅ ရာစုတွင် ဖိလစ်ပိုင်သို့ စတင်မိတ်ဆက်ခဲ့ပေသည်။

အစ္စလာမ် သာသနာ ပြန့်ကားမှုကြောင့် အဓိက မူဆလင် နိုင်ငံရေး အင်အားစု ထွန်းပေါ်လာခဲ့ပေသည်။ ၎င်းတို့အနက် မြောက်ပိုင်း ဆုမတ်တြာကျွန်းကို အခြေပြုသော အာချေး (အကျဲ) အင်အားစုသည် အရေးအပါဆုံးဖြစ်၍၊ ၎င်းသည် အိန္ဒိယနှင့် အရှေ့တော်အာရှ အကြားရှိ ဒေသအများစုကို ချုပ်ကိုင်ထားခဲ့ပေသည်။ ထိုမှ မူဆလင်မင်းဆက်သည် ဆူဖီ (ဝိပသနာ) လက်ာများကို ခံမင်လိုက်စားကြပေသည်။ ဒုတိယ အင်အားအရှိဆုံး မူဆလင်မင်းဆက်မှာ မလက္ကာနှင့် မလေးကျွန်းဆွယ်မှ မင်းဆက်ဖြစ်၍၊ ဂျာဗားကျွန်းမှ ပေါ်ပေါက်လာသော ဒီမတ် မူဆလင်မင်းဆက်မှ တတိယ အင်အားစု ဖြစ်ပေသည်။ ၎င်းသည် ဒေသတွင်း မဂျာပါဟက် ဘုရင့်နိုင်ငံကို အေဒီ ၁၆ ရာစုတွင် နှိမ်နင်းအောင်မြင်ခဲ့ပေသည်။ ထိုမင်းဆက်သည် သူ၏ အချုပ်အခြာ အာဏာပိုင်နယ်များကို တိုးချဲ့ရန် ကြိုးပမ်းခဲ့သော်လည်း သူ၏ အုပ်ချုပ်မှုမှာ မကျယ်ဝန်းခဲ့ချေ။

ပေါ်တူဂီရေတပ်မှာ ဗိုလ်ချုပ် အက်ဖန်ဆို ဒီ အလ်ဘူကာကတ်က ၁၅၁၁ တွင် မလက္ကာ ဒေသကို သိမ်းပိုက်ခဲ့သည်။ အာချေး (အကျဲ)နှင့် ဘရူနိုင်းတို့သည် မလက္ကာကို လျှော့ချလျက် အရှေ့တောင်အာရှ၏ အစ္စလာမ်ဗဟိုချက်မများအဖြစ် ဆက်လက် ရပ်တည်ခဲ့ရာမှ ဘရူနိုင်း မူဆလင်မင်းဆက်မှ ယနေ့ခေတ်အထိ ကျန်ရှိနေခဲ့ပေသည်။

## မွန်ဂိုးလီးယား ကျူးကျော်မှုများ

အေဒီ ၁၃ ရာစု အစောပိုင်းကာလတွင် ဂျင်ဂစ်ခန်၏ ဦးဆောင်မှုဖြင့် မွန်ဂိုးလီးယားတို့၏ ကျူးကျော်ခြင်းများသည် မူဆလင် မင်းဆက် အာဘာဆက်ဒ်တို့ အုပ်ချုပ်သော ဒေသများကို အကြီးအကျယ် ဖျက်ဆီးခြင်း ခံခဲ့သည် ဟု သမိုင်းတွင်နေတော့သည်။ မွန်ဂိုအင်ပါယာသည် အာရှအလယ်ပိုင်းဒေသနှင့် ပါရှားအင်ပါယာအတွင်းသို့ တမဟုတ်ချင်း ကျယ်ပြန့်ထိုးဖေါက်လာခဲ့ပြီး ပါရှားတို့၏ နေပြည်တော် အက်ဖ်ခန်သည် အေဒီ ၁၂၇၇ တွင် မွန်ဂိုတို့၏ လက်အောက်သို့ ကျရောက်ခဲ့သည်။ အေဒီ ၁၂၅၁ တွင် ခန်၏ ရွေးကောက်မှုဖြင့် တက်လာသော မွန်ကီ လက်ထက်တွင် မွန်ဂိုတို့သည် အဘီဆိုက်ဒ် နေပြည်တော် ဘဂ္ဂဒတ်သို့ မျက်လုံးကျလာခဲ့သည်။ မွန်ကီ၏ အစ်ကို ဟူလီဂူအား မွန်ဂိုတပ်မတော်၏ စစ်သူကြီးချုပ်ခန့်အပ်ပြီး ဘဂ္ဂဒတ်၏ အင်အားကို ယုတ်လျှော့စေခဲ့သည်။ အေဒီ ၁၂၅၈ ဘဂ္ဂဒတ်တိုက်ပွဲတွင် မွန်ဂိုတို့၏ စစ်အင်အားကို အဘီဆိုက်ဒ်တို့က ပြန်လည်ခုခံနိုင်ခဲ့ သည်ဟု မြင်ရသော်လည်း၊ နောက်ဆုံးတွင် အာဘာဆက်ဒ်မင်းဆက်၏ နောက်ဆုံးမင်းဖြစ်သည့် အလ်မူတာ့အ်ဆင်းမ် ကို မွန်ဂိုတို့က ဖမ်းဆီး သတ်ဖြတ်နိုင်ခဲ့ပေသည်၊ ၎င်းနှင့်အတူ ဘဂ္ဂဒတ်မြို့ကိုလည်း ညစ်ညစ်ကျေအောင် ဖျက်ဆီးခဲ့ပေသည်။ များမကြာမီ အေဒီ ၁၂၆၀တွင် ဒမတ်စကတ်နှင့် အလက်ပို မြို့တော်များသည် မွန်ဂိုတို့၏ လက်အောက်သို့ ကျရောက်ခဲ့ပေ သည်။ ထိုအတောအတွင်းတွင် မွန်ဂိုဘုရင် မွန်ကီး နတ်ရွာစံသွားသောကြောင့် အီဂျစ်သို့ သိမ်းပိုက်မှုမှာ အနည်းငယ် နောက် ကျ ခဲ့ပေသည်။

မွန်ဂိုတို့သည် အရှေ့ဘက် အီဂျစ်ကို အုပ်ချုပ်နေသော အေယူဘက် မင်းဆက်ကို အောင်မြင်မှုနှင့်အတူ အေဒီ ၁၂၅၀ တွင် မန်လွတ်က်တို့ကို ကျေးကျွန် စစ်သားများအဖြစ် နေရာချထားခဲ့ပေသည်။ မန်လွတ်က် စစ်ဗိုလ်ချုပ် အေဘတ်သည် အေယူ ဘက် နောက်ဆုံးသမ္မတ အလ်ဆာလေ အာယွတ်မှ ကျန်ခဲ့သော မုဆိုးမ ရှာဂျာအိုဒါရ်ကို ထိမ်းမြားလက်ထပ်ခဲ့ပေသည်။ ထို့နောက် မန်လွတ်က် လူ့အသိုင်းအဝိုင်းများ အတွင်းတွင် စစ်တပ်မှာ ဂုဏ်သိက္ခာ မြင့်မားလာခဲ့၍၊ ထိုမှတဆင့် မွန်ဂိုများနှင့်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ထိပ်တိုက်တိုး မှုများ ဖြစ်လာတော့သည်။ အေဘတ်ကို လုပ်ကြံခံရ၍၊ အေဒီ ၁၂၅၉ တွင် ကွာတာ့စ် နန်းတက်လာသော အခါ၊ မွန်ဂိုတို့ကို ပြတ်သားစွာ စိန်ခေါ်မှုများ ဖြစ်လာတော့သည်။ အေဒီ ၁၂၆၀ နောက်ပိုင်းတွင် ဖြစ်သောစစ်ပွဲ အိန်ဂျလုတ် မှာ မွန်ဂိုတို့အား လိုက်လံတိုက်ခိုက်ခြင်း ဖြစ်ပေသည်။ ၎င်းမှာ မွန်ဂိုတို့အတွက် ကြမ္မာပြောင်းရန် အချက်ပြခဲ့ခြင်း ဖြစ်၍၊ ဟင်းမ် စစ်ပွဲတွင်လည်း မွန်ဂိုတို့မှာ ရှုံးနိမ့်ခဲ့ပြီး၊ များမကြာမီ ဆီရီးယားမှလည်း မောင်းထုတ်ခံခဲ့ရပေသည်။ မန်လွတ်က်တို့သည် ကရူးဆိတ် စစ်သည်များ၏ နောက်ဆုံး ပိုင်နယ်များကိုလည်း ပြန်လည် သိမ်းပိုက်နိုင်ခဲ့ပေသည်။

## ခေတ်သစ်ကမ္ဘာ၏ အစောပိုင်းကာလ သုံးပွင့်ဆိုင် မူဆလင် အင်ပါယာ

အေဒီ ၁၅၊ ၁၆ ရာစုများတွင် အဓိက မူဆလင်အင်ပါယာ သုံးခု ပေါ်ထွက်လာခဲ့သည်။ ၎င်းတို့မှ အော်တိုမင် အင်ပါယာသည် အရှေ့အလယ်ပိုင်း ဒေသအများစု၊ ဘောလ်ကန်ဒေသနှင့် အာဖရိကမြောက်ပိုင်းဒေသများကို အုပ်ချုပ်ထား၍၊ ဆဖာဗစ်ဒ် အင်ပါယာမှာ အီရန်နိုင်ငံကြီး ဖြစ်ကာ၊ မဂိုအင်ပါယာမှာ တောင်အာရှဒေသများကို အုပ်ချုပ်ထားပေသည်။ ထိုအင်ပါယာ သစ်ကြီး သုံးခုသည် တိုးတက်ပြန်ကားလျှက် နယ်မြေသစ်များရှာဖွေတွေ့ရှိကာ အခြေခိုင်သော ပိုမို စိတ်ချလုံခြုံသည့် အင်ပါယာကြီး များ ဖြစ်ခဲ့ပေသည်။ ၁၉ ရာစု နောက်ပိုင်းတွင်မှ ၎င်းတို့သည် မှေးမှိန်လာခဲ့ပြီး၊ ၂၀ ရာအစု အစောပိုင်း ပထမကမ္ဘာစစ် ပြီးချိန် တွင် နောက်ဆုံး မူဆလင် အင်ပါယာ အော်တိုမင်မှာ ပြိုကွဲခဲ့ပေသည်။

### မဂိုအင်ပါယာ

မဂိုအင်ပါယာသည် အာရှအလယ်ပိုင်း ဒေသများမှာ ထွက်ပေါ်လာခြင်း ဖြစ်၍၊ အိန္ဒိယတိုက်ငယ်သို့ ဝင်ရောက်သိမ်းပိုက်ခဲ့ပေ သည်။ ၎င်းကို အေဒီ ၁၅၂၆ ခုနှစ်တွင် ဒေလီ မူဆလင်မင်းဆက်ကို ဖျက်သိမ်းကာ တီမူရီးဒ် မင်းသား ဘာဘော်က တည် ထောင် ခဲ့၍၊ မြို့တော်မှာ အဂ္ဂရာ ဖြစ်ပေသည်။ နှစ်များမကြာမီ ဘာဘော်မှာ နတ်ရွာစံခဲ့ကာ ပြတ်သားမှု မရှိသော အုပ်ချုပ် ရေးများကြောင့်  တိုင်းပြည် မတည်မငြိမ် ဖြစ်ခဲ့ရပေသည်။ အာဖဂန်မှ သျှာသျှား၏ တော်လှန်ခြားနားမှုကြောင့် ရှုံးနိမ့်ခဲ့ရပြီး မဂိုတို့အင်အား ချိနဲ့လာခဲ့ပေသည်။ ထိုအခြေအနေကို ဘာဘော်၏ သား ဟူမယွန်က ဆက်ခံလိုက်ရပေသည်။ သို့သော် ဘာဘော် နတ်ရွာစံပြီး တစ်နှစ် အတွင်းတွင်ပင် ဟူမယွန်သည် တိုင်းပြည်ကို ပြန်လည် ထိမ်းသိမ်းနိုင်ခဲ့ပြီး ဆုံးရှုံးခဲ့ရသော နယ် မြေ အများစုကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ ထို့နောက် အေဒီ ၁၅၅၆ တွင် သူ၏ သား အက္ကဘာရ် အသက် ၁၃ နှစ်အရွယ် သည် ထီးနန်းကို ဆက်ခံခဲ့သည်။ အက္ကဘာရ်၏ လက်ထက်တွင် မဂိုအင်ပါယာကို ပြန်လည် စုစည်းနိုင်ခဲ့သည့်အပြင် အုပ်ချုပ် ရေးကိုလည်း တိုးချဲ့ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သည်။ အက္ကဘာရ်၏ နောက်ပိုင်းတွင် ဂျဟန်ဂါးနှင့် သျှားဂျဟန်တို့ အာဏာ ရလာခဲ့သည်။ ထို့နောက်ဆက်ခံသော အူရန်ဂဇတ် သည် အုပ်ချုပ်မှု လွတ်နေသော အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်မှ ဒေသများကို ထိမ်းသိမ်းနိုင်ခဲ့သည်။

ထိုအင်ပါယာသည် ယခုခေတ် အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အာဖဂန်နစ္စတန်ဟု သိသော ဒေသများကို ရာစုများစွာ အုပ်ချုပ်ခဲ့ပေသည်။ ၁၈ ရာစု အစောပိုင်း ၎င်းတို့အာဏာ မှေးမှိန်လာသောအခါ အိန္ဒိယတိုက်သည် များစွာသော စော်ဘွား များ အုပ်ချုပ်သည့် တိုင်းပြည်စုကလေးများ ဖြစ်လာခဲ့သည်။ ၁၈၅၇ ခုနှစ် အိန္ဒိယ တော်လှန်ထကြွမှု နောက်ပိုင်းတွင် မဂို အင်ပါယာသည် တဖြေးဖြေးနှင့် ဗြိတိသျှအင်ပါယာ၏ အတွင်းသို့ ကျရောက်ခဲ့တော့သည်။

### ဆဖာဗစ်ဒ် အင်ပါယာ

ဆဖာဗစ်ဒ် (ပါရှန်– صفویان) အာဇာဘိုင်ဂျန် အီရန်လူမျိုးများမှ ထူထောင်သော အီရန် နန်းဆက် ဖြစ်ပေသည်။ ၎င်းသည် အေဒီ ၁၅၀၁ မှ ၁၇၃၆ ခုထိ အုပ်ချုပ်ခဲ့၍၊ ၎င်းသည် ၁၂ ပါးအယူ ရှီယာ အစ္စလာမ်ကို အီရန်၏ နိုင်ငံတော် ဘာသာအဖြစ် ပြဌာန်းကာ ၎င်း၏ စည်းလုံးညီညွတ်သော ပြည်နယ်ဒေသများကို တစ်ခုတည်းသော အီရန်၏ အချုပ်အခြာထဲ၌ ထားရှိခဲ့၍ ပါရှားအင်ပါယာ၏ သိက္ခာကို ပြန်လည် ထွန်းညှိနိုင်ခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

(၁၂ ပါးအယူ ဆိုသည်မှာ သာဝကကြီး အလီမှစ၍ ကိုယ်တော် မုဟမ္မဒ်၏ သားမြေးအရင်း စဉ်ဆက် ၁၂ ပါးကို သာသနာ့ ဦးသျှောင်ဟု လက်ခံသော အယူဝါဒ ဖြစ်သည်။)

သူတို့သည် အလီ အိဗနိ အဘူ တ္ဘာလက်၏ အမျိုးအနွယ်များဟု ခံယူသော်လည်း ဆဖာဗစ်ဒ်များမှာ မူလဇာတိအားဖြင့် ဆွန္နီ အစ္စလာမ်များ ဖြစ်ကြပေသည်။ ( ဆာဖာဗစ်ဒ် ဟူသောအမည်မှာ ဆူဖီ ဟု ခေါ်သော ဆဖာဗီ ဖြစ်သည်။) ၎င်းတို့၏ ဇစ်မြစ်ကို နောက်ကြောင်းပြန်လှန်လျှင် မြောက်ပိုင်း အီရန်လူမျိုး ဖီရွတ်စ် သျှား ဇာရင်ခိုလာ၏ မျိုးရိုးဖြစ်ပေသည်။ သူတို့၏ လက်ထက်တွင် ၁၂ပါး အယူ ရှီယာ အစ္စလာမ်ကို အီရန်၏ နိုင်ငံတော် ဘာသာအဖြစ် ပြဋ္ဌာန်းသောကြောင့် ၎င်း၏ အိမ်နီးချင်း ဆွန္နီ အစ္စလာမ်များနှင့် မတူခြားနားနေပေသည်။

၁၅၂၄ ခုနှစ်တွင် တာဟ်မစ်ပ် နန်းတက်လာသော အခါတွင် ဒေသတွင်း လက်မှုပညာ ထွန်းကားမှုမှာ သိသာထင်ရှားစွာ ရှင်သန်လာခဲ့၍၊ အီရန်၏ မြို့တိုင်းတွင် ကော်ဇောလုပ်ငန်းများမှာ တွင်ကျယ် အရေးပါလာခဲ့ပေသည်။ ဝိုင်အရက်သောက်သုံးခြင်း၊ ယစ်မူးသောအစာ သုံးဆောင်ခြင်းများကို တားမြစ်ခဲ့ပြီး၊ လောင်းကစားရုံများကို ပိတ်ပင်ခဲ့ပေသည်။

တာဟ်မစ်ပ် ၏ မြေး သျှား အဘာ့စ် (၁) လက်ထက်တွင် အင်ပါယာ၏ ဂုဏ်ရှိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကာ၊ နေပြည်တော်ကိုလည်း အက်ဖ်ဟန်သို့ ပြောင်းရွှေ့ခဲ့ပေသည်။ ၎င်းသည် ဆိပ်ကမ်းမြို့ ဖြစ်၍၊ ထိုဆိပ်ကမ်းမြို့ကို ပြန်လည် ပြင်ဆင်မွမ်းမံကာ ဥရောပနှင့် ကုန်သွယ်ရေး တည်ဆောက်ခဲ့ပေသည်။

## အော်တိုမင် အင်ပါယာ

အေဒီ ၁၃ ရာစု၏ ဒုတိယ နှစ်ဝက်ပိုင်းတွင် ဆဲလ်ဂျာ့က် တာ့က်များသည် မကြာခဏ ကျဆုံးခဲ့ရ၍ အနာတိုလီးယားသို့ မွန်ဂိုတို့ ကျူးကျော်ပြီးနောက်ပိုင်းတွင် ပို၍ အထိနာခဲ့ပေသည်။ ထိုအကျိုးဆက်ကြောင့် ဘေလက်စ်ကဲ့သို့ လူသိများသော တာကက်ရှ် အုပ်ချုပ်ရေး အဖွဲ့စုများ ဖြစ်သည့် များစွာသော ထူထောင်မှုများ ဆက်တိုက်ပေါ်ပေါက်ခဲ့ပေသည်။ အော်တိုမင် နန်းဆက်ကို ထူထောင်သော အွတ္တမာန် (၁) သည် ထိုအုပ်ချုပ်ရေး အဖွဲ့စုများမှ တစ်ဦးဖြစ်သော ၁၂၈၁ တွင် သူ့ဖခင် အာတိဂူးလ်အား ဆက်ခံသူ ဖြစ်ခဲ့သည်။ ၁၂၉၉ တွင် အောင်တိုမင် စော်ဘွားဒေသကို လွတ်လပ်ရေးကြေငြာပြီး၊ သူသည် တစ်စိုက်မတ်မတ် အောင်မြင်မှုများဖြင့်  ဘိုင်ဇန်တိုင်ကို အောင်မြင်ခဲ့ပေသည်။ အေဒီ ၁၃၃၁ အွတ္တမာန်၏သားနှင့် သူ့ကို ဆက်ခံသော အော်ဟန် (၁) လက်ထက်များတွင်  အော်တိုမင်တို့သည် ဘိုင်ဇန်တိုင်၏ ယခင် နေပြည်တော်ဟောင်း နီကာယာကို သိမ်းပိုက်ခဲ့ပေသည်။ ဆာ့ဗ်များကို ဆန့်ကျင်လျှက် ၁၃၈၉ တွင် ကိုဆိုဗိုကို အောင်မြင်ခဲ့သည်။ ထိုမှ ဥရောပသို့ ပြန့်ကားထိုးဖေါက်ခဲ့ပေသည်။ ဘေယီဇာ့ဒ် (၁) လက်ထက်တွင် အော်တိုမင်တို့သည် အနာတိုးလီးယားနှင့် ဘော်လကန်ဒေသတွင် ခိုင်မာစွာ တည်ဆောက်ထားနိုင်ခဲ့သည်။ ထိုကာလသည် အင်ပါယာ ကြီးထွားထွန်းကားသော ခေတ်ကာလ ဖြစ်ခဲ့ပေသည်။

အေဒီ ၁၄၀၂ အန်ကာရာ စစ်ပွဲတွင် မွန်ဂို စစ်မင်း တီးမားက ဘေယီဇာ့ဒ် အား ဖမ်းဆီးသွားသောကြောင့် အော်တိုမင်တို့၏ တဟုန်ထိုး ကြီးထွားမှုမှာ ရပ်တန့်သွားခဲ့သည်။ ထိုပဋိပက္ခများကြောင့် အော်တိုမင်တို့ အကျပ်ရိုက်သော ကာလကို ကြုံခဲ့ရပေသည်။ ထိုအကျိုးဆက်ကြောင့် ဘေယီဇာ့ဒ်၏ သားများက မိမိပိုင်ဒေသများကို ကိုယ်ပိုင်လွတ်လပ်သော နယ်မြေများအဖြစ် ကြေငြာခဲ့၍၊ မကြာမီကာလအတွင်းမှ အော်တိုမင်လက်အောက်ခံ နိုင်ငံများဖြစ်သော ဒေသများကလည်း လွတ်လပ်သော နိုင်ငံများအဖြစ် ခံယူခဲ့ကြတော့သည်။ သို့သော် ဘေယီဇာ့ဒ်၏ သားအငယ် မာမက် (၁)က သူ့နောင်တော်များအား ဆန့်ကျင်၍ အေရှားမိုင်းနား အားလုံးကို တစ်စုတစ်စည်းထု ပြန်လည် ထူထောင်ရန် လှုပ်ရှားခဲ့မှုမှာ အောင်မြင်ခဲ့၍၊ မကြာမီ ကာလအတွင်း အော်တိုမင် အင်ပါယာမှာ ပြန်လည်ခေါင်းမော့လာခဲ့ပြီး၊ သူ့ကိုယ်သူလည်း အော်တိုမင် ဘုရင်မင်း အဖြစ် ၁၄၁၃ ခုနှစ် တွင် ကြေငြာခဲ့ပေသည်။

ဤခေတ်ကာလများအတွင်း အောင်တိုမင်တို့၏ ရေတပ်အင်အား ဖြန့်ကျက်မှုကိုလည်း မစဉ်းစား၍ မရချေ။ အစဉ်အလာ ရေတပ်အင်အား ကြီးမားသော် ဗင်းနင့်စ်တို့အား ပုခုံးချင်း ယှဉ်နိုင်ခဲ့ပေသည်။ ဘော်လကန်ဒေသာများကိုလည်း ပြန်လည် အောင်မြင်နိုင်ရန် ချည်းကပ်လာခဲ့ပေသည်။ မာမက်၏ မြေး မာမက် (၂) လက်ထက် (၁၄၅၁–၁၄၈၁) တွင် အော်တိုမင်တို့၏

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အင်အားမှာ ဘိုင်ဇန်တိုင်၏ နေပြည်တော် ကွန်စတန်တီနိုဘဲယ်အား သိမ်းပိုက်ထိမ်းချုပ်ရန် အင်အား စံချိန်မှီလာခဲ့သည်။ သိမ်းပိုက်ရန် မီးသေနတ်များနှင့် အမြောက်များကို သုံးစွဲနိုင်ပြီဖြစ်၍၊ ဘိုင်ဇန်တိုင်တို့အနေဖြင့် ခုခံနိုင်အား မရှိချေ။ ဘိုင်ဇန်တိုင် ခံတပ်များကို အေဒီ ၁၄၅၃ ခုနှစ်တွင် အောင်တိုမင်တို့ ချိုးဖျက်နိုင်ခဲ့၍ ၅၄ ရက်အတွင်း၌ မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ အောင်နိုင်သူ မာမက် (၂) သည် မြို့တွင်းသို့ ဝင်ရောက်လာ၍ ၎င်းကို အစ္စတန်ဘူလ် ဟု အမည်ပြောင်းခဲ့ပေသည်။ နောက်ပိုင်းတွင် ဆက်ခံသောသူများ လက်ထက်တွင် အော်တိုမင် အင်ပါယာကို ခိုင်မာကျယ်ပြန့်စွာ တည်ဆောက် နိုင်ခဲ့ပေသည်။

အေဒီ ၁၆ ရာစု အစောပိုင်းတွင် ရှီယာ ဆဖာဗစ်ဒ် နန်းဆက်သည် သျှားအစ္စမာလ်အီလ် (၁) လက်ထက်တွင် တာကိုမန် ပြည်ထောင်စု **အာ့က်ကိုယွန်လူ** (တာကိုမန် ဖြူများ) ကို နှိမ်နင်း၍ ပါရှားအင်ပါယာ ကို ပုံပြောင်းခဲ့ပေသည်။ အော်တိုမန် ဘုရင် ဆလင်းမ် (၁)သည် ဆဖာဗစ်ဒ်တို့၏ ထကြွမှုနှင့် နယ်မြေချဲ့ထွင်မှုများကို ပြန်လည်နှိမ်နင်းခဲ့၍ ၁၅၁၄ ခု ချားလ်ဒီယန် စစ်ပွဲမှာ ထင်ရှားပေသည်။ ဆလင်းမ်သည် အီဂျစ်တွင် အုပ်ချုပ်နေသော မန်လွတ်က်များကိုလည်း နန်းချ၍ အောင်တိုမင် အင်ပါယာ အတွင်းသို့ သွပ်သွင်းခဲ့ပေသည်။ ဆလင်းမ်၏ (၁)၏ ဆက်ခံသူသည် ဆဖာဗစ်ဒ်တို့၏ အာရုံပြောင်း၍ အရှေ့ဘက် ဥဇဘက် ရှေ့တန်းသို့ ချည်းကပ်မှုများကို အခွင့်အရေးယူနိုင်ခဲ့၍ ယခင်က ဆလာဗစ်ဒ်တို့ လက်တွင်းသို့ ကျရောက် ခဲ့သော ဘဂ္ဂဒတ်အား ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော်လည်း ဆလာဗစ်ဒ်တို့၏ ပါဝါသည် အရေးပါနေဆဲဖြစ်၍ အော်တိုမင် အင်ပါယာအတွက် ပြိုင်ဘက်ဖြစ်နေခဲ့ပေသည်။ ဆိုလိုင်မံ (၁)သည် အေဒီ ၁၅၂၆ ခုနှစ် မိုဟက်ခ် စစ်ပွဲပြီးနောက် ဟန်ဂေရီ၏ အတွင်းပိုင်းအထိ ထိုးဖေါက်နိုင်ခဲ့ပေသည်။ ထို့နောက် ဗီယင်နာ၏ တံခါးဝအထိ ရောက်ရှိလာခဲ့၍ နောက် ၁၀ နှစ်အကြာတွင် ရောမ ဘာသာရေး အင်ပါယာ၏ ချားလ် (၅)ကို ဆန့်ကျင်သော ပြင်သစ်မှ ဖရန်စစ် (၁)နှင့် ဖရန်ကို အော်တိုမင် မဟာမိတ် စာချုပ်ကို ချုပ်ဆိုခဲ့သည်။ ဆိုလိုင်မံ (၁) သည် အေဒီ ၁၅၂၀ မှ ၁၅၆၆ အထိ ထီးနန်း စိုးစံခဲ့၍ အောင်တိုမင် အင်ပါယာသည် အထွဋ်အထပ်သို့ ရောက်ရှိခဲ့သည်။ ထိုနောက် ဥရောပတွင် စက်မှုခေတ်ပြောင်း တော်လှန်ရေးဖြစ်လာခြင်းနှင့်အတူ အော်တိုမင် အင်ပါယာမှာ ယုတ်လျော့လာခဲ့ပေသည်။

## ဝါဟာဘီ ဝါဒ

အေဒီ ၁၈ ရာစု အတွင်းတွင် မုဟမ္မဒ် အိဗနိ အဗ္ဗဒူလ် ဝဟာဗ် (၁၇၀၃–၁၇၉၂) ဦးဆောင်သော ဝါဟာဘီဝါဒ ဘာသာရေး လှုပ်ရှားမှုသည် အာရေဗီယား အလယ်ပိုင်း နဂျစ်မှ တွင် ဖြစ်ပေါ်လာ၍၊ ၎င်းသည် သာသာနာ သန့်ရှင်းစင်ကြယ်ရေးကို ဦးတည်ခဲ့သည်။ ဝဟာဗ်သည် သူတွေးခေါ်သော ခေတ်ဦးပိုင်း အစ္စလာမ့် သာဝကကြီးများ၏ (အက်စ် ဆလာ့ဖ် အက်စ ဆွာလေဟီးမ်) လမ်းစဉ်အတိုင်း အစ္စလာမ်ကို မူရင်း အဖြစ် ပြန်လည် ဆောင်ကြဉ်းလိုခဲ့၍၊ ဘာသာရေးချဲ့ထွင်မှုများ (ဗီဒါအတ်) ကို ရောပြွန်းကိုးကွယ်မှု (ရှရိက်ခ်)များဖြစ်သည်ဟု ထုတ်ဖေါ် ပါယ်ချခဲ့သည်။ သူသည် တဖြေးဖြေးနှင့် ရာရှီဒီများကို အောင်နိုင် လွှမ်းမိုး၍ အာရေဗျ အလယ်ပိုင်းဒေသကို ထိန်းချုပ်လာသော စအုဒ် (ဒ်) မိသားစုနှင့် မဟာမိတ်ပြုလျှက် အော်တိုမင်အင်ပါယာ အား တော်လှန်မှုပေါင်း များစွာ ပြုလုပ်ခဲ့ပေသည်။ ၎င်းသည် သိက္ခာချ နှိမ်နင်းခံရပြီး မကြာမှီပင် မက္ကာဟ်နှင့် မဒီနာကို သိသာစွာ အောင်မြင်လာခဲ့၍ နောက်ဆုံးတွင် ဆော်ဒီအာရေဗီးယား ကိုဖေါ်ထုတ် တည်ထောင်ခဲ့သည်။

## ၂၀ ရာစု

ခေတ်သစ်ကမ္ဘာသည် အခြေခံကျသော နည်းပညာများနှင့် အစည်းအရုံး ပုံစံများပြောင်းလဲ လာခဲ့ပေပေသည်။ အစ္စလာမ် တိုင်းပြည်များသည်၊ ဥရောပနှင့် နှိုင်းယှဉ်လျှင် ခေတ်မှီတိုးတက်မှု အားနည်းနေကြောင်း သူတို့ကိုယ်သူတို့ တွေ့ရှိလာပေသည်။ ဥရောပတိုက် အခြေပြု အစိုးရများသည် ကမ္ဘာစီးပွားရေးကို ထိန်းချုပ်နိုင်ရန် အလို့ငှာ သူတို့၏ တိုင်းပြည်များ၌ ပြောင်းရွှေ့ နေထိုင်သူများကို ဝင်ထွက်ခွင့်ပြုထားများသည် အစ္စလာမ်တိုင်းပြည်တို့အား အပြောင်းအလဲ ပြုလုပ်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေပေသည်။

### အော်တိုမင် အင်ပါယာ မှေးမှိန်သွားခြင်း

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ပြည်တွင်း ပဋိပက္ခများကြောင့် ၁၉ ရာစု အကုန်ပိုင်းတွင် အော်တိုမင် အင်ပါယာသည် စတင် ယုတ်လျော့လာခဲ့သည်။ ပထမ ကမ္ဘာစစ်တွင် သူတို့သည် ဂျာမဏီဘက်မှ ရပ်တည်ရန် ဆုံးဖြတ်ခဲ့၍၊ ထိုစစ်ကြီးတွင် ဂျာမန်သည် စစ်ရှုံးသွားသောကြောင့် သူတို့၏ ဗဟိုအာဏာမှာလည်း ဖြိုခွဲခံလိုက်ရပေသည်။ ထိုဖြစ်ရပ်သည် တူရကီ လူမျိုးရေးခေါင်းဆောင် အတာတာ့က် ကမာလ်ပါရှားအား အာဏာကို ရရှိစေရန် တိုက်ရိုက် တွန်းအားပေးခဲ့ခြင်း ဖြစ်သွားပေသည်။ ပထမကမ္ဘာစစ် ပြီးသောအခါ အော်တိုမင် အင်ပါယာ၏ အကြွင်းအကျန် အပိုင်းသည်ပင် ဥရောပ နာယကများ၏ ကြည့်ရှုခြင်းအောက်၌ ကျပ်ထုတ်စည်း ခံလိုက်ရပေတော့သည်။ အော်တိုမင်တို့၏ လက်အောက်ခံများဖြစ်သော ယခုခေတ် အလ်ဘေးနီးယား၊ ဘော့စ်နီးယား၊ ဟာဇီဂိုဗီးနား၊ ဘူလ်ဂေးရီးယား၊ အီဂျစ်၊ ဂရိ၊ အီရတ်၊ လက်ဘနွန်၊ မွန်တီနီဂရိုး၊ ရိုမေးနီးယား၊ ဆော်ဒီအာရေဗီးယား၊ ဆာဗီးယား၊ ဆီးရီးယား၊ ဂျော်ဒန်၊ တူရကီနှင့် ဘောလ်ကန် တိုင်းပြည်များ၊ မြောက် အာဖရိကတိုင်းပြည်များနှင့် ပင်လယ်နက်၏ မြောက်ဘက်ပိုင်း တိုင်းပြည်များမှာ ဥရောပတိုင်းပြည်များ၏ သြဇာခံများ ဖြစ်သွားတော့သည်။

များစွာသော မူဆလင် တိုင်းပြည်များသည် ဥရောပ နိုင်ငံရေးပုံစံ အဖွဲ့အစည်းများနှင့် အမျိုးသားရေး ဝါဒကို မွေးစား လက်ကိုင်ပြုရန် နည်းနာရှာကြံ၍ မူဆလင်ကမ္ဘာသို့ ထိုးဝင်လာခဲ့သည်။ အီဂျစ်၊ ဆီးရီးယားနှင့် တူရကီကဲ့သို့ နိုင်ငံများသည် သူတို့၏ နိုင်ငံရေး အဖွဲ့အစည်းများကို စည်းကြပ်သော မူဝါဒများ ချမှတ်ကာ သူတို့ပြည်သူများ၏ ကြား၌ အမျိုးသားရေး ဂုဏ်သိက္ခာ အဖြစ် ခိုင်မာလာအောင် ကြိုးပမ်းကြသည်။ အီရတ်ကဲ့သို့ အခြားသော နိုင်ငံများတွင် နှစ်ရှည်လများ ဘာသာရေး ဂိုဏ်းများအကြား တင်းမာမှု၊ မူဆလင်နှင့် မူဆလင် မဟုတ်သူများအကြား ကြိုတင်ဆုံးဖြတ်သော စိတ်ဖြင့် မယုံသင်္ကာမှုများ ခိုင်မာနေ၍ အမျိုးသား ညီညွတ်မှုကို ရယူရန် ခက်ခဲလှပေသည်။

တူရကီ၊ အီဂျစ်၊ ဘင်္ဂလာဒေ့ရှ်၊ အင်ဒိုနီးရှား တို့ကဲ့သို့ အချို့သော မူဆလင် တိုင်းပြည်များမှာ ဘာသာရေးနှင့် နိုင်ငံရေးကို သီးခြားထားရန် နည်းလမ်းများ ရှာဖွေကြပြီး၊ ဆော်ဒီအာရေဗျနိုင်ငံမှာ ထိုမှ သီးခြားဖြစ်ပေသည်။ ၎င်းမှာ အစ္စလာမ်သာသနာ သန့်စင်ရေးဆိုသော ဆောင်ပုဒ်ဖြင့် ဝါဟာဘီ ဝါဒကို လက်ခံကာ ဝါဟာဘီ အစ္စလာမ် ဘာသာရေးနိုင်ငံတော် အဖြစ် ရပ်တည်ပေသည်။

## အိန္ဒိယကို ခွဲစိတ်ခြမ်းဖြာခြင်း

အိန္ဒိယကို ခွဲစိတ်ခြမ်းဖြာခြင်း ဆိုသည်မှာ ၁၉၄၇ ခုနှစ် ဩဂုတ်လတွင် အိန္ဒိယနှင့် ပါကစ္စတန်ဟူ၍ အချုပ်အခြာပိုင်သော နှစ်နိုင်ငံ ပေါ်ပေါက်လာခြင်းကို ရည်ညွှန်းပေသည်။ ဗြိတိသျှက လွတ်လပ်ရေး သတ်မှတ် လိုက်သောအခါ ယခင်က ဗြိတိသျှ–ရာ့ဂ်ျ ဒေသအား နှစ်ပြည်တစ်ပြည် စာချုပ်အပါအဝင် နှစ်နိုင်ငံအဖြစ် ဖွဲ့စည်းတည်ထောင်လိုက်ပေသည်။ ထိုစာချုပ်အရ အထူးသဖြင့် ပန်ဂျပ်နှင့် ဘင်္ဂါဒေသတို့သည် ပါကစ္စတန်ဟု ဖြစ်လာခဲ့ပေသည်။

၁၉၄၇ တွင် အိန္ဒိယကို ခွဲခြမ်းပြီး ဖြစ်ပေါ်လာသော ပါကစ္စတန်သည် ကမ္ဘာ့ မူဆလင် အများဆုံး နိုင်ငံဖြစ်၍ ဒုတိယ ကမ္ဘာစစ်လွန် ကာလ ကမ္ဘာ့ ဆယ်နိုင်ငံမြောက် အကြီးဆုံး နိုင်ငံ ဖြစ်ခဲ့ပေသည်။ ၁၉၇၁ ခု နှစ်တွင် သွေးမြေကျ စစ်ပွဲကြီးဖြစ်၍ ဘင်္ဂါပြည်နယ်သည် ဘင်္ဂလာဒေ့ရှ်အဖြစ် သီးခြားလွတ်လပ်သော နိုင်ငံဖြစ်ခဲ့ပေတော့သည်။

ယနေ့တွင် ပါကစ္စတန်သည် အင်ဒိုနီးရှားပြီးလျှင် ဒုတိယ အစ္စလာမ်သာသာနာဝင် လူဦးရေ အများဆုံး နိုင်ငံ ဖြစ်၍ နျူကလီးပိုင် မူဆလင်နိုင်ငံ တစ်နိုင်ငံ ဖြစ်ပေသည်။

## အာရပ် အစ္စရေးလ် ပဋိပက္ခ

အာရပ် အစ္စရေးလ် ပဋိပက္ခသည် နိုင်ငံရေးတင်းမာမှုများနှင့် ပွင့်လင်းစွာ ရန်လိုမှုများကို ရာစုနှစ်ခန့် ကြာအောင် ဆွဲဆန့်လျှက်ရှိပေသည်။ ခေတ်သစ် ဂျူးလူမျိုးများ (ရေဝတီ ဘာသာဝင်များ)၏ အမျိုးသားနိုင်ငံအဖြစ် အစ္စရေးလ် နိုင်ငံ ထူထောင်မှုနှင့် အခြားတစ်ဖက်တွင် အာရပ်နိုင်ငံများနှင့် လူမျိုးတူ ပါလက်စတိုင်း လူမျိုးတို့အား ကိုယ်ပိုင်နယ်မြေ ပျောက်ဆုံးစေမှု ဖြစ်ရပ်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

များမှာ ထိုအရေးအခင်း၏ အဓိက သော့ချက်တစ်ခု ဖြစ်ပေသည်။ ထိုပဋိပက္ခသည် အမြင်အားဖြင့် အာရဗ်နိုင်ငံများ၊ အခြား မူဆလင်နိုင်ငံများနှင့် အစ္စရေးလ်တို့အကြားသာ ပတ်သက်သည်ဟု ထင်ရသော်လည်း ဘာသာရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှု ဆက်စပ်မှု၊ လူ့အခွင့်အရေး၊ အခြားသော မဟာဗျူဟာကျသည့် အရေးအရာများကြောင့် ကမ္ဘာနှင့်အဝှမ်း တစ်သီးပုဂ္ဂလ ဖြစ်စေ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းလိုက်ဖြစ်စေ အကြောင်းပေါင်းစုံကို ကိုယ်စားပြုလျက် ပါဝင် ပတ်သက်နေပေသည်။ တစ်ချို့ကလည်း အာရဗ် အစ္စရေးလ် ပဋိပက္ခသည် အနောက်ကမ္ဘာနှင့် အစ္စလာမ်ကမ္ဘာအကြား တစ်စစနှင့် အမှိုက်ကစ ပြဿဒ်မီးလောင် စရာ ဖြစ်လာသည်ဟု သုံးသပ်ကြ၍၊ အချို့မှ ထိုသုံးသပ်ချက်ကို လက်မခံပေ။ မည်သို့ဆိုစေ ထိုပဋိပက္ခ ကြောင့် ဘက်နှစ်ဘက်မှ ထောက်ခံသူများအကြား မကြာခဏသော အချေအတင် ပဋိက္ခများ ကမ္ဘာနှင့် အဝှမ်း ဖြစ်နေရပေ သည်။

## ရေနံ ဓနု

၁၉၅၃နှင့် ၁၉၆၄ ကြားတွင် ဘုရင် ဆအုဒ်သည် သူ့ဖခင် အိဗနိ ဆအုဒ် ဘုရင်စနစ်ကို ပြန်လည် စုစည်းပြီး ဆော်ဒီ အာရေဗီးယား အုပ်ချုပ်ရေး သစ်ကို ဖန်တီးခဲ့သည်။ ထိုအုပ်ချုပ်ရေးသစ်တွင် ဆက်သွယ်ရေးဝန်ကြီးဌာန (၁၉၅၃) စိုက်ပျိုးရေး နှင့် ရေသွင်းရေထုတ်ဝန်ကြီးဌာန (၁၉၅၃)၊ လောင်စာနှင့် ဓါတ်ဆီ ဝန်ကြီးဌာန (၁၉၆၀)၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီး ဌာန (၁၉၆၂)၊ သတင်းနှင့်ပြန်ကြားရေး ဝန်ကြီးဌာန (၁၉၆၃) တို့ပါဝင်၍၊ သူ့ထက် ၂၉ နှစ်ငယ်သော ညီငယ် **တလာလ်** ကို သယ်ယူပို့ဆောင်ရေး ဝန်ချုပ်အဖြစ် ခန့်အပ်ခဲ့ပေသည်။

၁၉၅၈–၅၉ တွင် တလာလ် က အမျိုးသား ကောင်စီကို ပြုပြင်ပြောင်းလည်းရန် အစီရင်ခံစာ တစ်ခု အဆိုတင်သွင်းခဲ့သည်။ သူ အစီရင်ခံ သကဲ့သို့ သူ၏ အစီရင်ခံစာအား တရားဝင် လုပ်ပိုင်ခွင့် မရှိသော ဆွေးနွေးညှိနှိုင်းရေး ကိုယ်ထည်အဖြစ် ထားရှိခဲ့ သည်။ သူ့အတွေးအခေါ်မှာ ၎င်းသည် အစိုးရကိုယ်ထည်တွင်း၌ လူထုဘက်မှ ကျယ်ကျယ်ပြန့်ပြန့်ပါဝင် ပတ်သက်လာနိုင်ရန် ပထမ ခြေလှမ်းဖြစ်ခဲ့သည်။ တလာလ် သည် သူ၏ အစီရင်ခံစာကို အိမ်ရှေ့မင်းသား ပြည်ပ၌ ရှိစဉ် ဘုရင်မင်းအား တိုက်ရိုက် တင်ပြခဲ့ခြင်း ဖြစ်ပေသည်။ ဘုရင် ဆအုဒ် သည် ရိုးရိုးသားသားပင် ထိုအစီရင်ခံစာအား နိုင်ငံ၏ ဘာသာရေးပညာရှင်အဖွဲ့ (အုလ္လမာ)အား တင်ပြ၍ အမျိုးသားကောင်စီ ဖွဲ့စည်းခြင်းသည် အစ္စလာမ်သာသနာနှင့် ကိုက်ညီမှု ရှိမရှိကို မေးမြန်းခဲ့ရာ ထိုအတွေးအခေါ်မှာ ထိုဘာသရေး အဖွဲ့အစည်းတွင်းတွင်ပင် ပျောက်ကွယ်သွားဟန်ရှိပေသည်၊ သို့မဟုတ် ဆက်လက် ပြောဆို နေကောင်းလည်း ပြောဆိုနေနိုင်ပေသည်။ နှစ်ပေါင်း သုံးဆယ် ကြာပြီးသော်မှ ထိုအတွေးအခေါ်အား အကောင်အထည် ဖေါ်ရန် အမျိုးသားကောင်စီဟု ၁၉၉၂ ခုနှစ်တွင် စတင် ပေါ်ပေါက်လာပေတော့သည်။

ထိုအတောအတွင်း ၁၉၆၀ တွင် လောင်စာဆီ ပြည်ပပို့ နိုင်ငံများ အစည်းအရုံး ဖြစ်တည်လာခဲ့သည်။ ပထမ ဆယ်စု သို့မဟုတ် ထိုထက်ပို၍ ၎င်းသည် တည်မြဲခဲ့ပြီး အထူးအဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား သြဇာသက်ရောက်ခဲ့ပေသည်။ ထိုကာလတွင်ပင် ဖိုင်ဇယ်နှင့် ဆအုဒ်တို့အကြား တင်းမာမှုမှာ ကြီးထွားလာပြီး နောက်ဆုံး ၁၉၆၄ ခုနှစ်တွင် ပဋိပက္ခ ပေါက်ကွဲတော့သည်။ ဆအုဒ်က ဖိုင်ဇယ်အား ဘုရင့်သက်စောင့်တပ်ဖြင့် ဖမ်းဆီးထားမည်ဟု ခြိမ်းခြောက်၍၊ ဖိုင်ဇယ်ကလည်း ဆအုဒ်အား ဘုရင့် သက်စောင့်တပ်ဖြင့် ဖမ်းဆီးထားမည်ဟု ခြိမ်းခြောက်ခဲ့ပေသည်။ ထိုပဋိပက္ခတွင် ဆအုဒ်သည် ထီးနန်းပစ်ခွာ စွန့်ခဲ့၍၊ ကိုင်ရို သို့ ထွက်ခွာလာခဲ့သည်၊ ထိုမှ ဂရိသို့ ထွက်ခွာခဲ့၍ ၁၉၆၉ ခုနှစ်တွင် ဂရိ၌ပင် ကွယ်လွန်ခဲ့ပေသည်။ ထို့နောက် ဖိုင်ဇယ်သည် ဘုရင်ဖြစ်လာတော့သည်။

၁၉၆၇ (အာရဗ် အစ္စရေးလ်) စစ်ပွဲက အခြားသော သက်ရောက်မှုများကို ဖြစ်ခဲ့၍၊ စူးအက်တူးမြောင်းကို ပိတ်လိုက်ရခြင်းသည် လက်ဗျား၌ မွန်မာရာလ် ကဒါဖီကို အာဏာရလာစေသော တော်လှန်ရေးကို ဖြစ်ပေါ်စေခဲ့သည်။ ထိုမှဆက်၍ ၎င်းသည် (၁၉၇၀)တွင် ဆီးရီးယားကို ဖြတ်၍ ဆော်ဒီအာရေဗီးယားမှ လက်ဘနွန်သို့ သယ်ပို့သော ရေနံပိုက်လိုင်းကို ပိတ်လိုက်ရသည် အထိ ဦးတည်ခဲ့ပေသည်။ ထိုအကျိုးတရားကို လက်ဗျားက ကောင်းစွာ ခံစားရပေသည်၊ လက်ဗျားသည် ဥရောပသို့ ရေနံ တင်ပို့ရာတွင် ကုန်ကျစရိတ်သက်သာသော လမ်းဆုံ ဖြစ်ခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

၁၉၇၀ တွင် နောက်ခံ ရေနံကုမ္ပဏီများနှင့် ရေနံထွက်နိုင်ငံများ သဟဇာတတည့်စွာ ဆက်ဆံရေးထူထောင်မှု ဖြစ်သည့် အနောက်တိုင်းဆိုင်ရာ လောင်စာဆီ သွင်းထုတ်မှုကို အခြေခံသဘောတူညီ အဖြစ်ရေးဆွဲထားသော သဘောတူညီတစ်ခု ဖြစ်လာရန် ရုတ်တရက် ပြောင်းလဲခဲ့ပေသည်။ ဤကိစ္စတွင် ကဒါဖီအစိုးရသစ်မှ တောင်းဆိုသော ရေနံဈေးနှုန်း တိုးမြှင့်ရေး ကိစ္စသည် လွန်စွာ ထိရောက်မှု ရှိခဲ့ပေသည်။

အစ္စရေးလ်နှင့် အိမ်နီးချင်းနိုင်ငံတို့ ဖြစ်သော ၁၉၇၃ ခုနှစ် **ယွန်ကက်ပါ** စစ်ပွဲတွင် ရေနံကုမ္ပဏီထိပ်သီးများသည် ဗီယင်နာသို့ ဦးတည်ခဲ့ကာ ရေနံထွက်နိုင်ငံများ (အိုပက်)၏ ခေါင်းဆောင်များနှင့် ဆွေးနွေးမှုပြုရန် စီမံခဲ့ရသည်၊ အိုပက် ခေါင်းဆောင်များက လက်ဗျား၏ တောင်းဆိုချက် (ရေနံဈေး မြှင့်တင်ရေး) ကို ဦးစားပေး ပြောဆိုလာခဲ့၍၊ စစ်ပွဲကြောင့် ထိုတောင်းဆိုချက်များကို တောင်းဆိုရန် ပိုမိုညီညွတ်လာခဲ့ပေသည်။

၁၉၇၃ ခုနှစ် အာရပ် အစ္စရေးလ် ၆ ရက်စစ်ပွဲတွင် အာရပ်တို့ ရှုံးနိမ့်ခြင်းသည် ရေနံပြသနာကို ခလုပ်နှိပ်လိုက်သလို ဖြစ်သွားခဲ့၍၊ ၎င်းကို တုန့်ပြန်သောအားဖြင့် အနောက်နိုင်ငံများက အစ္စရေးလ်အား အရေးပေါ် ကူညီမှုများ ပေးခဲ့ခြင်းကြောင့် အစ္စရေးလ်က အီဂျစ်နှင့် ဆီးရီးယား စစ်တပ်ကို အောင်နိုင်ခဲ့သည်။ ထို့ကြောင့် အာရပ်ကမ္ဘာက အမေရိကန်ပြည်ထောင်စုနှင့် အနောက်နိုင်ငံများအား ရေနံတင်ပို့ခြင်းကို ဆန့်ကျင်ခဲ့တော့သည်။ ဘုရင်ဖိုင်ဇယ်က ဆော်ဒီအာရေဗီးယား၏ ရေနံမှရသော ငွေကြေးအား အစ္စရေးလ်နှင့် ထိပ်ဆိုင်တိုးနေရသော ရှေ့တန်းမျက်နှာစာမှ နိုင်ငံများကို ထောက်ပံ့ရန် ရံပုံငွေအဖြစ် သဘောတူ ပေးခဲ့ပေသည်။ တနည်းအားဖြင့် ရေနံကို အရေးပါသော လက်နက်အဖြစ် အသုံးပြုရန် အခွင့်အလမ်းရခဲ့ပေသည်။

လောင်စာဆီ၏ အထူးအရေးပါမှု၊ အာရပ်–အစ္စရေးလ် ပဋိပက္ခနှင့် နိုင်ငံရေး စီးပွားရေး မငြိမ်မသက်ဖြစ်မှုနှင့် မသေချာသေးမှု များသည်၊ ဒေသတွင်းနိုင်ငံရေး အခြေအနေအား တင်းမာနေဆဲပင် ဖြစ်နေပေသေးသည်။

## အီရန် တော်လှန်ရေး နှစ်ခု

၁၉၀၅ နှင့် ၁၉၁၁ ကြားတွင် အီရန်၌ အခြေခံဥပဒေဆိုင်ရာ တော်လှန်ရေး ဖြစ်ပွားခဲ့သည်။ ထိုတော်လှန်ရေးသည် အီရန် မြေရှင် စနစ်ကို အဆုံးသတ်စေ၍ ပါရှားတွင် ပါလီမန်စနစ်ကို ထူထောင်ကာ ရှား ဘုရင်၏ အချုပ်အခြာ အာဏာကို စည်းမျဉ်း ခံ ဖြစ်စေခဲ့ပေသည်။ ပထမအနေဖြင့် အီရန်၏ ဖွဲ့စည်းပုံကို အတည်ပြုခဲ့သော်လည်း၊ နောက်ဆုံး ရှားဘုရင်အပေါ်၌ အနိုင်ရပြီး သောအခါ၊ ခေတ်လိုက်ဝါဒီများနှင့် ခေတ်ရိုးဝါဒီများအကြား အချင်းချင်း တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာမှ တော်လှန်ရေးမှာ အဟန့် အတားကြီး ဖြစ်သွားပေတော့သည်။ ထို့နောက် ပထမ ကမ္ဘာစစ် ဖြစ်လာသောအခါ ကမ္ဘာစစ်တွင် ပါဝင်သော နှစ်ဘက်လုံးမှ စစ်သည်များသည် အီရန်သို့ ကျူးကျော် ဝင်ရောက်ခဲ့၍ အီရန်အစိုးရကို အားနည်းချိနဲ့သွားစေကာ လွတ်လပ်ရေးကိုပါ ခြိမ်းခြောက်လာခဲ့သည်။ **ကွာဂျာ** မင်းဆက်၏ နန်းတွင်း အရေးတော်ပုံဖြင့် **ရာဇာရှားဖာလဝီ**သည် နန်းတက်လာ၍ တော်လှန်ရေး အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသော **မိုဇာ့ဖ်ဖာအုဒင်ရှား**၏ စည်းမျဉ်းခံ ဘုရင်စနစ်၏ အခွင့်အာဏာမှာ ၁၉၂၅ တွင် အားနည်းလာခဲ့ လေတော့သည်။

အစ္စလာမ်ဝါဒ တော်လှန်ရေးဟု ခေါ်သော ၁၉၇၉ ခု အီရန်တော်လှန်ရေးသည် အီရန်နိုင်ငံအား ရှားမုဟမ္မဒ် ရာဇာ ဖာလဝီ၏ လက်အောက်တွင် ရှိသော စည်းမျဉ်းခံ ဘုရင်စနစ်မှ ရိုယာ မူဆလင် ခေါင်းဆောင် အယာတိုလာ ခိုမင်နီ၏ အုပ်ချုပ်မှု အောက်သို့ ရောက်ကာ လူကြိုက်များ ဘာသာရေး သီအိုရီလက်ကိုင်ပြုဝါဒ အစ္စလာမ် ပြည်သူ့နိုင်ငံ ဖြစ်လာခဲ့ပေသည်။ အီရန် တော်လှန်ရေး ပြီးနောက် အစ္စလာမ်ဝါဒ ပြည်သူ့နိုင်ငံ အဖြစ် အတည်ပြုသော အစိုးရ တက်လာသောအခါ၊ ရူဟ်ဟိုလာ ခိုမင်နီအား အီရန်၏ အဓိပတိ ခေါင်းဆောင်အဖြစ် ရွေးကောက်ခဲ့ပေသည်။ တော်လှန်ရေးပြီး ၂ နှစ်အတွင်း သဟဇာတ ဝါဒီများ၊ ဘယ်ယိမ်းဝါဒီများနှင့် အစ္စလာမ် အားသန်ဝါဒီများ အကြား အချင်းချင်း တိုက်ခိုက်မှုများ ဖြစ်ခဲ့၍ နောက်ဆုံးတွင် အစ္စလာမ်အားသန်ဝါဒီများ ဘက်မှ လုံးဝအနိုင်ခဲ့ပေသည်။ တစ်ချိန်တည်းတွင် အမေရိကန်၊ ရုရှားနှင့် အရှေ့အလယ်ပိုင်းမှ အာရပ်နိုင်ငံအများစုက သူတို့၏ ဒေသတွင်း အစ္စလာမ်နိုင်ငံရေး အတွေးအခေါ်သစ်၏ စိန်ခေါ်မှုများကို ကြောက်ရွံ့လာ၍၊ ဆဒန်ဟူစိန်အား ကျောထောက် နောက်ခံ ပြုပေးလျှက် အီရန်နိုင်ငံသို့ ကျူးကျော်စေခဲ့ရာမှ အီရန် အီရတ်စစ်ပွဲ ဖြစ်ခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ရနှစ်ကြာ ပင်လယ်ကွေ့စစ်ပွဲ အတွင်းတွင် အီရန်–အီရတ် နှစ်ဘက်လုံးသည် စစ်ဘက်ဆိုင်ရာ နည်းပညာများကို လျှို့ဝှက်စွာ ကြိုးပမ်းရှာဖွေကြ၍၊ ၁၉၈၀ တွင် အီရန် အီရတ်စစ်ပွဲကို ရပ်တန့်လျှက် အီရတ်သည် ကူဝိတ်သို့ ဝင်ရောက်သိမ်းပိုက်ခဲ့ပေသည်။ ထိုမှ နောက်ဆက်တွဲ အမေရိကန်နှင့် မဟာမိတ်တို့၏ ဦးတည်ချက် ရန်သူမှာ အီရတ်ဖြစ်သွားပြီး အမေရိကန်သည် အကြမ်းဖက်နှိမ်နင်းရေးကို အကြောင်းပြ၍ ၂၀၀၃ တွင် အီရတ်သို့ ကျူးကျော်သိမ်းပိုက်က ဆဒန်ဟူစိန်ကို သုတ်သင်လိုက်ပေသည်။

ထိုသို့ အမေရိကန်နှင့် မဟာမိတ်တို့သည် အီရတ်နှင့် အချေအတင် ဖြစ်နေစဉ်တွင် အီရန်မှာ ပြိုင်ဘက်မရှိ ကြိုးပမ်းခွင့် ရသွားပြီး ၂၀၀၉ ခုနှစ်တွင် ထိပ်သီးနည်းပညာ ခေတ်လွန်နိုင်ငံကြီးများနှင့် ရင်ဘောင်တန်းသည့် အဆင့်သို့ ဝင်ရောက်နိုင်ရန် အာကာသ သို့ ကိုယ်ပိုင်ဂြိုလ်တု တင်နိုင်သော အဆင့် သို့မဟုတ် တာဝေးပစ် ဒုံးပျံပစ်လွှတ်နိုင်သည့် အထိ နည်းပညာ အောင်မြင်မှုကို ရသွားခဲ့ပေသည်။ အီရန်၏ နျူးကလီးနည်းပညာ ပိုင်ဆိုင်မှုကိုမူ ကမ္ဘာ့နိုင်ငံများအကြား အငြင်းပွား စဉ်းစားစရာ ဖြစ်နေဆဲပင် ဖြစ်ပေသည်။

## ၂၁ ရာစု

နိုင်ငံရေး သီအိုရီအမျိုးမျိုး၏ ရိုက်ခတ်မှု၊ မြို့ပြလူနေမှု စနစ်များ ထွန်းကား၍ စိတ်ဖိစီးမှု အမျိုးမျိုးတို့ကြောင့် ဘာသာတရား ခေါင်းစဉ်အား စိတ်ဝင်စားမှုများ အားနည်းလာသော်လည်း အစ္စလာမ် သာသနာ၏ တစ်ကျော့ပြန် နုပျိုလာမှုမှာ မှတ်တမ်းတင်စရာ ဖြစ်လာခဲ့ပေသည်။ အထူးသဖြင့် အစ္စလာမ် သာသနာတွင် အလေးထားခဲ့ခြင်း မရှိသော မူဆလင် တိုင်းပြည်များမှ အစိုးရများ၊ အုပ်ချုပ်ခံပြည်သူများ အကြားတွင် အစ္စလာမ် ဒဿနများမှာ စိတ်ဝင်တစား လေ့လာစရာ အဖြစ် လန်းဆန်းလာခဲ့သည်။ ကိုလိုနီ လက်အောက်ခံ ဖြစ်ခဲ့ရသော မူဆလင်နိုင်ငံများမှ အများစုသည်လည်း လွတ်လပ်ရေးရပြီး ရာစုထက်ဝက်ခန့် ထူထောင်ခွင့် သက်တမ်းရလာခြင်း၊ အုပ်ချုပ်ခံ လွတ်လပ်ရေး မရသေးသော ဒေသများသည်မှ မူဆလင်များသည်လည်း လူ့အခွင့် အရေးခေါင်းစဉ် အောက်၌ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ရလာခြင်း သို့မဟုတ် အဆိုးဝါးဆုံး နှိပ်ကွပ်ခံရခြင်းတို့မှ လျော့လာခြင်းများကြောင့် (၂၁) ရာစုကို မူဆလင်များ နိုးကြားလာသော ခေတ်ဟု ဆိုနိုင်ပေသည်။

## တူရကီ (အစ္စလာမ်)

၁၉၂၃ ခုနှစ် တူရကီနိုင်ငံအား တူရကီပြည်သူ့နိုင်ငံ ဟု ထူထောင်ပြီး ကတည်းက အတာတတ်ာ့ခ် ပြုပြင်ပြောင်းလဲရေး အခြေခံ ဥပဒေသည် ခိုင်မာလျှက် ဘာသာရေး မလွှမ်းမိုးခံရသော နိုင်ငံအဖြစ် အားကောင်းစွာ တည်ရှိခဲ့ပေသည်။ တူရကီ လွတ်လပ်ရေး အတွက် ကျူးကျော်သူများကို ဆန့်ကျင်စဉ်က တူရကီ အမျိုးသား ညီလာခံကို လူထုတစ်ရပ်လုံးမှ အစ္စလာမ် စည်းမျဉ်း ဥပဒေနှင့် အညီ တစ်ခဲနက်ထောက်ခံ ခဲ့သော်လည်း လွတ်လပ်ရေး ရပြီးနောက်တွင် အစ္စလာမ်သာသနာအား တဖြေးဖြေးနှင့် အရေးတယူ မရှိတော့ပေ။ ဘာသာတရားကို လက်ကိုင်မပြုသော ဥပဒေကို တူရကီ၏ အခြေခံစည်းမျဉ်း ဥပဒေတွင် ၁၉၃၇ ခုနှစ်၌ တရားဝင် ပြဋ္ဌာန်းလိုက်ခြင်းသည် ဒေသခံ အစ္စလာမ်မစ် အုပ်စုများနှင့် တူရကီ လူမှုအသိုင်းအဝိုင်းက အစ္စလာမ် ဥပဒေအား အကြီးအကျယ် အားထားမှုအပေါ် ပြောင်ပြောင်တင်းတင်း ဆန့်ကျင်လိုက်ခြင်းပင် ဖြစ်ပေသည်။ လူဦးရေ၏ အများဆုံး သို့မဟုတ် တူရကီ တစ်နိုင်ငံလုံးနီးပါး အစ္စလာမ် သာသနာဝင်များ ဖြစ်သော်လည်း နိုင်ငံတော်အား ကာလ်မားက်ဝါဒ သို့မဟုတ် နိုင်ငံတော် ဘာသာဟု ပြဋ္ဌာန်းထားခြင်း မရှိသော နိုင်ငံအဖြစ် ထူထောင်ခဲ့ပေသည်။ အနိမ့်ဆုံးအဆင့် သမ္မတ ရွေးကောက်ပွဲ တွင်ပင် ဘာသာရေးအမည် နာမကို သုံးခွင့် မရှိပေ။

ဝန်ကြီးချုပ် ရီဆိပ် တာယာ့ဗ် အီဒိုဂန်က သမ္မတအဖြစ် ရွေးကောက်မည်ဟု အမည်စာရင်းတင်သွင်း သောအခါ၊ သူသည် ဘာသာရေး နောက်ခံရှိသော အင်အားစုမှ တက်လာသည့်အတွက်၊ ဘာသာ တရား ခေါင်းစဉ်းမဲ့ နိုင်ငံတော်အား၊ နိုင်ငံတော် သာသနာ ဟူ၍ ရှိသော နိုင်ငံအဖြစ် ပြောင်းလဲပစ်မည်ကို စိုးရိမ်၍၊ ၂၀၀၇ ခုနှစ်တွင် တူရကီ လောကီယိမ်းဝါဒီများ၏ ငြိမ်းချမ်းစွာ လူထုဆန္ဒပြပွဲများ ဆက်တိုက် ဖြစ်ပွားခဲ့ပေသည်။

## ဥရောပ အစ္စလာမ်သာသနာ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အစ္စလာမ် သာသနာသည် အေဒီ ၇ ရာစု မတိုင်မီ သို့မဟုတ် အစ္စလာမ်သာသနာ စတင်ပေါ်ပေါက်ပြီး နှစ် တစ်ရာ အတွင်းမှ ပင် ဥရောပသို့ ရောက်နှင့် လာပြီး ဖြစ်သည်။ အရှိန်အဟုန်ဖြင့် ပြန့်နှံ့လာသော အစ္စလာမ်များကို တားဆီးရန် အတွက် အေဒီ ၈ ရာစုတွင် စပိန် ခရစ်မင်းဆက်သည် အစ္စလာမ် အင်အားစုများကို စတင် ထိုးစစ်ဆင်ခဲ့ပြီး နောက်ပိုင်းတွင် ဥရောပမှ ခရစ်ယာန် လူမျိုးကြီး ဝါဒီများက သူတို့၏ သာသနာပြုစစ် (ကရူးဆိတ်) စစ်ပွဲများ ဆင်နွှဲကာ မူဆလင် များကို အကြီးအကျယ် နှိပ်ကွပ်သတ်ဖြတ်ခဲ့ပေသည်။ အထူးသဖြင့် စပိန် ရီနေးဆန်းခေတ်တွင် မူဆလင်များ မြောက်များစွာ သတ်ဖြတ်သုတ်သင်ခံရပြီး အစ္စလာမ် အနုပညာ လက်ရာများသည်လည်း အကြီးအကျယ် ဖျက်ဆီးခံလိုက်ရပေသည်။ သို့သော် အော်တိုမင် အင်ပါယာ လက်အောက်တွင် ဘောလ်ကန်ဒေသများနှင့် ဥရေပ အလယ်ပိုင်း ဒေသများသို့ အစ္စလာမ် သာသနာ ပြန်ပွားခဲ့ပေသည်။

အနောက်ကမ္ဘာမှ ကိုလိုနီပြုထားသော ကာလများတွင်လည်း အိန္ဒိယတိုက်ငယ်၊ အာဖရိကနှင့် အခြားသော မူဆလင် နိုင်ငံများမှ အစ္စလာမ်သာသနာဝင်များသည် မိမိအား ကိုလိုနီပြုထားရာ ဥရောပနိုင်ငံများသို့ သွားရောက် နေထိုင်ခွင့်များ ရခဲ့ပြီး အချေချ နေထိုင်မှုများ ဖြစ်ခဲ့သည်။

သို့သော် ၁၉၉၀ မတိုင်မီကာလနှင့် နောက်ပိုင်း ယူဂိုလဆလားဗီးယား ပြိုကွဲသော အချိန်တွင်မှ ဥရောပရှိ မူဆလင်များကို ကမ္ဘာမှ သတိထားမိလာခဲ့ပြီး၊ ဥရောပ မူဆလင်နိုင်ငံများ ပေါ်ထွက်လာခဲ့သည်။ ထို့နောက်တွင် ကမ္ဘာအရပ်ရပ်မှ နိုင်ငံရေး၊ စီးပွားရေး အခက်အခဲ အမျိုးမျိုးကြောင့် ဥရောပနှင့် နီးစပ်သော နိုင်ငံများနှင့် ကမ္ဘာ့အရပ်ရပ်မှ မူဆလင်နိုင်ငံများမှ အစ္စလာမ် သာသနာဝင်များ၏ ပြောင်းရွှေ့လာမှုမှာ အလုံးနှင့် အရင်းနှင့် ဖြစ်လာခဲ့သည်။ ထို့အပြင် ဥရောပသားများနှင့် မြောက် အမေရိက တိုက်သားများ၏ အစ္စလာမ်သို့ ဝင်ရောက်လာ မှုမှာ စရင်းပြုနိုင်သော လူဦးရေ တစ်ရပ်ဖြစ်လာခဲ့သည်။ သို့ဖြင့် လက်ရှိ ဥရောပ၏ အနည်းဆုံး လူဦးရေ ၂၀ ရာနှုန်းမှာ အစ္စလာမ် သာသနာဝင်များ ဖြစ်လာပေသည်။

## ရုရှား အစ္စလာမ်သာသနာ

ရုရှားနိုင်ငံသို့လည်း အစ္စလာမ်သာသနာသည် အစ္စလာမ်သာသနာပေါ်ပြီး များမကြာမီကပင် ရောက်ရှိလာခဲ့ပေသည်။ အစ္စလာမ်တို့၏ အလွန်ကျော်ကြားသော ဟဒီးသ် သမိုင်းကျမ်းကို ပြုစုသည့် ဘိုခါရီ မှာ ရုရှနိုင်ငံ ဘိုခါရက် မြို့သား ဖြစ်ပေ သည်။ အထူးသဖြင့် ၁၉ ရာစုနှောင်းပိုင်းတွင် ရုရှား ဇာဘုရင်၏ သိမ်းသွင်းမှုအောက်၌ မူဆလင်ဒေသများ များစွာမှာ ရုရှ အင်ပါယာ အတွင်း၌ ပါဝင်ခဲ့ပေသည်။

ဖိနှိပ်ခံရမှုများရှိသော်လည်း အင်ပါယာ တစ်ခုအတွင်း အတူနေထိုင်မှုများကြောင့် အစ္စလာမ် သာသနာဝင်များမှာ အင်ပါယာ အတွင်း ပြန့်နှံ့စွာ နေထိုင်ခွင့် ရခဲ့ပေသည်။ ထို့နောက် ၂၀ ရာစု ဆန်းစ (၁၉၁၇)တွင် ရုရှပြည်၌ ကွန်မြူနစ်အစိုးရ တက် လာသောအခါ၊ ဘာသာတရား နှိပ်ကွပ်မှုများအောက်၌ အစ္စလာမ် သာသနာသည်လည်း အထိအနာဆုံး သာသနာတစ်ခုမှ ဖြစ်ခဲ့ပေသည်။ သာသနိက အဆောက်အအုံများကို ဖျက်ဆီးခံရခြင်း၊ အစ္စလာမ် သာသနာ ပညာတတ်များကို ဦးနှောက် မွန်းမံမှု ပြုလုပ်ရန် စိတ္တဇဆေးရုံသို့ပို့ခြင်း၊ နယ်နှင်ဒဏ်ပေးခြင်း စသည့် အကြောင်းမျိုးစုံပြ နှိပ်ကွပ်ခဲ့ပေသည်။ သို့ဖြင့် ၁၉၂၄ ခုနှစ်တွင် ရုရှားရှိ မူဆလင် ဒေသများသို့ ကြိုးနီစနစ်ဖြင့် ပြင်းပြင်းထန်ထန် နှိပ်ကွပ်ထားသောကြောင့် ရုရှား မူဆလင်များသည် ပြင်ပ မူဆလင် ကမ္ဘာနှင့် အဆက်ပြတ်သွားခဲ့ရပေသည်။ ထို့နောက်ပိုင်း မျိုးဆက်များမှ အများစုမှာ မိမိကိုယ်မိမိ မူဆလင် ဖြစ် သည် ဟူ၍ပင် သိနိုင်ခွင့် နည်းပါးလာခဲ့ပေသည်။

သို့သော် ၁၉၇၉ မှ ၁၉၈၉ ရုရှားအင်ပါယာ၏ အာဖဂန်သို့ ကျူးကျော် စစ်ပွဲအတွင်းတွင် ရုရှားစစ်သားများသည် အာဖဂန်သို့ တိုက်ခိုက်ရင်း၊ မူဆလင်တို့၏ ကျမ်းစာများ၊ ဘာသာရေးအသုံးအနှုန်းများကို ကြားခွင့်ရပြီး သူတို့၏ ဘိုးဘွားများ ကိုးကွယ်ခဲ့ သည့် သာသနာတစ်ခု ဖြစ်သည်ဟု သိခွင့်ရခဲ့ရာမှ အစ္စလာမ်သာသနာသည် ရုရှားပြည်တွင် အတွင်းလှိုက်စား လာခဲ့၍။ ၁၉၈၉ ခုနှစ်တွင် အဇာဘိုင်ဂျန်တွင် ဘာသာရေး အုံကြွမှုကြီး ဖြစ်လာခဲ့လေတော့သည်။ ထိုမှ တစ်စစဖြင့် ၁၉၉၀ ခုနှစ်တွင် ရုရှား အင်ပါယာကြီး ပြိုကွဲရလေတော့သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

၁၉၉၀ တွင် ဆိုဗီယက်ယူနီယံ ပြိုကွဲသောအခါတွင် ဥဇဘက်ကစ္စတန်၊ တာခ်မေနစ္စတန်၊ အဇာဘိုင်ဂျန်၊ တာဂျစ်ကစ္စတန် စသော မူဆလင်နိုင်ငံ (၆) နိုင်ငံ ကွဲထွက်လာ၍၊ လက်အောက်ခံ မူဆလင်ကိုယ်ပိုင် ဒေသများလည်း ပေါ်ထွန်းလာခဲ့ပေသည်။

သို့သော် ရုရှနိုင်ငံတွင် မူဆလင်တို့အား ဖိနှိပ်ချုပ်ချယ်မှုမှာ အဆုံးသတ်သွားခြင်း မရှိသေးချေ၊ ချေချင်းညာ ကဲ့သို့ ခွဲထွက်ရေး လိုသော ပြည်နယ်များနှင့် ခွဲထွက်ရေးသမားများကို အကြောင်းပြကာ မူဆလင်ဆိုသည်မှာ အကြမ်းဖက် သောင်းကျန်းသူ ဟု ထင်မြင်စေရန် ရုရှ ရုပ်မြင်သံကြားမှ စီမံချက်ဖြင့် ထုတ်လွှင့်လျှက် ရှိနေပေသည်။

သမ္မတပူတင်၏ လက်ထက်တွင် တိုးပွားလာနေသော မူဆလင်များထက် လူဦးရေ ဖုံးလွှမ်းနိုင်ရန် အတွက် ရုရှားမှ မူဆလင် မဟုတ်သူများကို ကလေးများများ ယူရန်နှင့် အစ္စလာမ်သာသနာကို ကိုးကွယ်သည့် တိုင်းရင်းသား မျိုးနွယ်စုများမှ မိဘမဲ့ ကလေးများကို မူဆလင်မဟုတ်သည့် ရုရှားလူမျိုးများမှ မွေးစားကြရန် တရားဝင်လှုံ့ဆော်ခဲ့၍၊ ပထမ ကလေးအတွက် ရုရှား ရူဘယ်ငွေ ၁၅၀၀၊ ဒုတိယ ကလေး အတွက် ရူဘယ်ငွေ ၃၀၀၀ စီ အစိုးရမှ ပေးရန် ကမ်းလှမ်းခဲ့ပေသည်။

သို့သော် ရုရှားရှိ မူဆလင် ဘာသာရေး ခေါင်းဆောင်များသည် ပညာထူးချွန်စွာ တတ်မြောက်ခြင်း၊ ဘာသာစကား များစွာကို ကျွမ်းကျင်လိမ္မာ ပီသစွာ ပြောနိုင်ခြင်း၊ သပ်ယပ်ပြေပြစ်သော အဝတ်အစားများကို ဝတ်ဆင်၍ မုတ်ဆိတ်မရှိခြင်းကြောင့် လူတန်းစား ခွဲခြားရ ခက်ခဲခြင်း တိုင်းရင်းသားဒေသများအကြား ထိုးဖေါက်၍ စီးပွားရေး၊ ပညာရေး၊ ကျမ္မာရေး အခက် အခဲများကို ကူညီဖြေရှင်း ပေးနိုင်ခြင်း စသော အားသာချက်များနှင့် ပြိုကျလုနီးနီး ရုရှား၏ စီးပွားရေးအား ပြန်လည်ခေါင်းမော့ လာနိုင်ရန် ရုရှအစိုးရသည် မူဆလင် ကမ္ဘာနှင့် ဆက်ဆံရေး ပြေလည်လိုခြင်းကြောင့် မြို့ပေါ်နေ မူဆလင်တို့အား လူသိ ရှင်ကြား မနှိပ်ကွပ်နိုင်ခြင်း များကြောင့် ၂၀၀၈ ခုနှစ်တွင် ရုရှား မူဆလင် လူဦးရေမှာ တစ်နေ့တခြား တိုးပွားလာပြီး ရုရှား လူဦးရေ ၁၄၃ သန်း၏ ၄၀ ရာနှုန်းမှာ အစ္စလာမ် သာသနာဝင်များ ဖြစ်လာခဲ့ပေသည်။

ရုရှားတွင် လွန်ခဲ့သော ၁၅ နှစ်က အစ္စလာမ်ဝတ်ပြုကျောင်းဆောင် (ဗလီ) ၃၀၀ ခန့်သာ ရှိခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် ဝတ်ပြုဆောင်ပေါင်း ၈၀၀၀ ထိဖြစ်လာပြီး၊ ၂၀၁၅ တွင် ၂၅၀၀၀ ထိ ဖြစ်လာမည် ဖြစ်သည်။ လူမှုဗေဒဆိုင်ရာ ပညာရှင်များ၏ တွက်ချက်မှုအရ နောင် ဆယ်စုနှစ် ၂ ခုအတွင်း ရုရှားသည် မူဆလင် လူများစု နိုင်ငံဖြစ်လာမည် ဟု ဖြစ်သည်။

## မြောက်အမေရိကတိုက် အစ္စလာမ်သာသနာ

ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကို နိုင်ငံတို့ပါသော မြောက်အမေရိကတိုက်တွင် ၂၀ ရာစုနှောင်းပိုင်းနှင့် ၂၁ ရာစု ဆန်းစတွင် အစ္စလာမ်သာသနာ တိုးပွားမှုမှာ သိသာထင်ရှားသော အဆင့်တွင်ရှိပေသည်။ အထူးသဖြင့် အမေရိကန်နိုင်ငံတွင် အစ္စလာမ်သာသနာသို့ ကူးပြောင်းမှု လူလိုင်းမှာ ၁၉၆၀ ပတ်ဝန်းကျင်တွင် အကြီးအကျယ် ဖြစ်ခဲ့သည်။ ၁၉၃၀ တွင် အမေရိ ကန်၌ အစ္စလာမ် နိုင်ငံတော် (Nation of Islam)ဟူသော အဖွဲ့ကို ဝလီဖာ့ဒ် မုဟမ္မဒ်က ထူထောင်ခဲ့ပြီး၊ လူမဲတို့အား သာသနာ ပြုလျှက် အမျိုးသားရေး စိတ်ကို သွင်းပေးခဲ့သည်။ ၁၉၃၄ တွင် ထိုအဖွဲ့အား အလီဂျာမုဟမ္မဒ်သည် ခေါင်းဆောင် ဖြစ်လာ၍ သူ့ကိုယ်သူ ဝလီဖာ့ဒ် ဖြစ်သည်ဟု ကြေငြာကာ အမေရိက ကမ္ဘာသစ်အတွက် တမန်တော်ဖြစ်သည်ဟု ကြေငြာခဲ့ ပေသည်။ သူ၏သာသနာပြုမှုကြောင့် လူမည်းခေါင်းဆောင် ဖြစ်လာသော မဲလ်ကွန်အိက်စ်မှာ အစ္စလာမ်သာသနာသို့ ကူး ပြောင်းခဲ့ပြီး အသားရောင်ခွဲခြားမှု ပပျောက်ရေး တိုက်ဖျက်မှုကာလအတွင်း လူဦးရေ သုံးသန်းမှ ခြောက်သန်းအထိ ကာလတို အတွင်း အစ္စလာမ် သာသနာသို့ ကူးပြောင်းခဲ့ကြသည်။ ထို့နောက်တွင် အရှိန်လျှော့ကျသွားသော်လည်း နေ့စဉ် ပျှမ်းမျှ ၁၀ ဦးခန့် အစ္စလာမ် သာသနာ ဘက်သို့ ကူးပြောင်းလျှက် ရှိခဲ့သည်။ ထိုသို့ အစ္စလာမ်ထဲသို့ ကူးပြောင်းခံယူလာသော သူများမှ ရာနှုန်း အများစုသည် လက်တင်အမေရိက ဇာတိဘွားများဖြစ်၍– သူတို့၏ မိခင်ဇာတိတူ လူမျိုးများဖြစ်သော မက္ကဆီကိုမှ တိုင်းရင်းသားများနှင့် တောင်အမေရိကရှိ တိုင်းရင်းသားများထံသို့ အစ္စလာမ် သာသနာအား စတင် မိတ်ဆက်နေပြီ ဖြစ်သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် ကမ္ဘာ့စီးပွားရေး ဗဟိုချက်မ (World Trade Center) အား တိုက်ခိုက်ခံရပြီး နောက်ပိုင်းတွင် အစ္စလာမ်သာသနာအား စိတ်ဝင်စားမှုမှာ ပြန်လည်နိုးကြားလာခဲ့ကာ ၂၀၀၄ ခုနှစ်အတွင်း လူဦးရေ ၆ သောင်းကျော်ခန့် အစ္စလာမ်ဘက်သို့ ကူးပြောင်းကာ ၂၀၀၅ ခုမှနောက်ပိုင်း လက်ရှိကာလအထိ နှစ်စဉ် ပျမ်းမျှ ၃ သောင်းမှ ၄ သောင်းအထိ နေ့စဉ် ပျမ်းမျှ လူဦးရေ ၁၀၀ ကျော်ခန့် အစ္စလာမ်သာသနာသို့ ကူးပြောင်းလျှက် ရှိပေသည်။

၁၉၉၀ ခုနောက်ပိုင်းတွင် ဘော့စ်နီးယား၊ မွန်တီနီဂရိုး၊ ရုရှား၊ ဆိုမားလီးယား၊ ဆူဒန်နှင့် အခြားသော ဒေသများမှ ပြောင်းရွှေ့လာသော အစ္စလာမ်လူဦးရေမှာလည်း အမေရိကန်နှင့် ကနေဒါတွင် အစ္စလာမ်ဘာသာဝင်များ တိုးပွားစေသော အကြောင်းရင်း တစ်ရပ်ထဲတွင် ပါဝင်နေပေသည်။ ၂၀၀၆ ခုနှစ် ယူအစ် သတင်းဂျာနယ်အရ အမေရိကန်တွင် မူဆလင်လူဦးရေမှာ ၁၀ ရာနှုန်းအထိ မြင့်တက်လာပြီ ဖြစ်ကြောင်း ဖေါ်ပြထားသည်။

အမေရိကန် မူဆလင်များသည် နိုင်ငံရေး နယ်ထဲသို့လည်း ထိုးဖေါက်လာပြီဖြစ်၍ ၂၀၀၈ ခုမှစ၍၊ အမေရိကန် အစိုးရ အဖွဲ့တွင် အောက်လွှတ်တော် အမတ်အဖြစ် **ကီယက် အီလီဆင်** ပြီးလျှင် ဒုတိယမြောက် အောက်လွှတ်တော် အမတ်အဖြစ် **အင်ဒရီ ကာဆွန်** ဖြစ်လာခဲ့ပေသည်။ အင်ဒရီသည် အစ္စလာမ်ဘာသာသို့ ကူးပြောင်းလာသူဖြစ်၍ ပို၍ လူသိများပေသည်။

## တောင်အမေရိကတိုက် အစ္စလာမ်သာသနာ

ကွန်မြူနစ် ကျူးဘားနိုင်ငံအပါအဝင်၊ တောင်အမေရိကတိုက်၏ အစွန်ဆုံး အာဂျင်တီးနား (အာဂင်တီးနား) အထိ မြို့ကြီးတိုင်းတွင် မူဆလင် အသိုက်အမြုံ (ကွန်မြူနီတီ)များကို ထင်ရှားစွာ တွေ့နိုင်ပေသည်။ တောင်အမေရိက တိုက်ရှိ မူဆလင်များမှာ များသော အားဖြင့် အာရပ် အနွယ်များ ဖြစ်၍၊ ကုန်ကူးသန်းရောင်းဝယ်ခြင်း အလုပ်ကို လုပ်ကိုင်စားသောက်ကြပေသည်။ လူဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ဖေါ်ပြရန် ခက်ခဲနေသေးသော်လည်း ဘီလီဇ် ကဲ့သို့ တောင်အမေရိကတိုက်ဝင် ကျွန်းနိုင်ငံကလေးတွင် မူဆလင်မှာ ၅၅ ရာနှုန်းခန့်ရှိပေသည်။ ဗင်နီးဇွဲလား မြို့တော် ကာရာကတ်စ်တွင် အစ္စလာမ် ဝတ်ကျောင်းတော် ဗလီကြီးမှာ ထွန်းတောက်လျှက် ရှိနေပြီဖြစ်သည်။ တစ်ချိန်က ကိုလိုနီဖြစ်ခဲ့သော ထိုလက်တင် အမေရိက နိုင်ငံများသည် ယခုအခါ အစ္စလာမ်နိုင်ငံများနှင့် ဆက်ဆံရေးကို ပိုမိုထူထောင်လာပြီး ထိုတိုင်းပြည်ရှိ မူဆလင်များမှာလည်း သိသာ ထင်ရှားစွာ ခွဲခြား ဆက်ဆံခံခြင်းများ မရှိပေ။

ဦးဌေးလွင်ဦး ပြန်ဆို ပြုစုသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com